KEAN
Kayah Earthrights Action Network

# "Our Seeds, Our Food, Our Future"



# ကျွန်ုပ်တို့ မျိုးစေ့
# ကျွန်ုပ်တို့ အစားအစာ
# ကျွန်ုပ်တို့အနာဂတ်

မူဝါဒဆိုင်ရာအကြံပြုစာတမ်း

ဇန်နဝါရီလ (၃၁) ရက်၊ ၂၀၂၆ ခုနှစ်။

## မာတိကာ


၁။ နိဒါန်း (၂)

၂။ အဖွဲ့အစည်းအကြောင်း (၃)

၃။ အစီရင်ခံစာရည်ရွယ်ချက်များ (၄)

၄။ ကရင်နီဒေသ၏ မျိုးစေ့နှင့် မြေယာအခြေအနေ (၅)

- မြေယာပိုင်ဆိုင်မှုမလုံခြုံခြင်း
- လက်နက်ကိုင်ပဋိပက္ခ၏ သက်ရောက်မှု
- ဒေသခံမျိုးစေ့စနစ်များတိုက်စားခံရခြင်း

၅။ မျိုးစေ့နှင့် အစားအစာအချုပ်အခြာအာဏာ (၈)

၆။ ဒေသမျိုးစေ့ဆိုတာဘာလဲ (၉)

၇။ နိုင်ငံရေး၊ လူမှုစီးပွားရေးအရ ဒေသမျိုးစေ့များ၏ အကျိုးကျေးဇူးများ (၁၀)

- အစားအစာအချုပ်အာဏာနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ခိုင်မာစေခြင်း
- မြေယာနှင့် သယံဇာတအပေါ် အုပ်ချုပ်နိုင်စွမ်းကို တိုးတက်စေခြင်း
- လူမှုရေးညီညွတ်မှုနှင့် ရပ်ရွာအင်အားကို တည်ဆောက်ခြင်း
- ပွားရေးခံနိုင်ရည်နှင့် အသက်မွေးဝမ်းကျောင်းများကို အားကောင်းစေခြင်း
- ပဋိပက္ခနှင့် ရွှေ့ပြောင်းခံရမှုအခြေအနေများတွင် လူထုခံနိုင်ရည်ကို မြှင့်တင်ခြင်း
- ယဉ်ကျေးမှုအမွေအနှစ်နှင့် ဌာနေအသိပညာကို ထိန်းသိမ်းခြင်း

၈။ ဦးစားပေး မျိုးစေ့များ (ဒေသခံစပါး၊ သီးနှံများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ) (၁၂)

၉။ မျိုးစေ့စုဆောင်းခြင်းနှင့် ဒေသခံအသိပညာ (၁၆)

၁၀။ ဒေသမျိုးစေ့သိမ်းဆည်းနည်းများ (၁၇)

၁၁။ ဒေသမျိုးစေ့ဆိုင်ရာ KEAN နှင့် ရပ်ရွာပူးပေါင်းဆောင်ရွက်မှုများ (၁၈)

၁၂။ ဒေသမျိုးရင်းများနှင့် ပြင်ပမျိုးစေ့များ၏ အဓိကကွာခြားချက်များ (၂၆)

၁၃။ ကျေးရွာအလိုက် ဒေသမျိုးစေ့တည်ရှိမှုအခြေအနေများ (၂၇)

၁၄။ စစ်ရေးအခြေအနေနှင့် အရေးပေါ်အခြေအနေများတွင် ရပ်ရွာအခြေပြုမျိုးစေ့ဘဏ် (၂၉)

၁၅။ ကရင်နီပြည် ဒေသမျိုးစေ့ ခိုင်မာအားကောင်းရေးအတွက် အကြံပြုချက်များ (၃၁)

၁၆။ နောက်ဆက်တွဲဖော်ပြချက် (၃၃)

## ၁။ နိဒါန်း

ဒေသမျိုးစေ့များသည် ကရင်နီဒေသ၏အစားအစာစနစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ လူထု၏အသက်မွေးဝမ်းကျောင်းများနှင့် နက်ရှိုင်းစွာဆက်နွယ်နေသော အရေးပါသည့်အရင်းအမြစ်များ ဖြစ်ပါသည်။ မျိုးဆက်များအလိုက် ကရင်နီတောင်သူများသည် မိမိတို့ဒေသ၏ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်အခြေအနေများနှင့် ကိုက်ညီသောဒေသမျိုးစေ့များကို စုဆောင်းခြင်း၊ ရွေးချယ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းတို့ကို ဆက်လက်လုပ်ဆောင်လာခဲ့ကြပြီး အမျိုးမျိုးသောအန္တရာယ်များကြားတွင်ပင် ဒေသမျိုးစေ့များ ရှင်သန်တည်တံ့နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လာခဲ့ကြပါသည်။

သို့သော် လက်ရှိအချိန်တွင် စစ်ရေးပဋိပက္ခများ၊ နေရပ်ရွှေ့ပြောင်းခံရမှုများ၊ မြေယာမတည်ငြိမ်မှုများနှင့် ပြင်ပမှဝင်ရောက်လာသောမျိုးစေ့စနစ်များကြောင့် ဒေသမျိုးစေ့များ၏ရှင်သန်မှုနှင့်အသုံးပြုနိုင်မှုများသည် ပြင်းထန်စွာ စိန်ခေါ်ခံနေရပါသည်။ ဤအခြေအနေများသည် ကရင်နီတောင်သူများ၏ မျိုးစေ့ဆိုင်ရာအချုပ်အခြာအာဏာကို အားလျော့စေသည့်အပြင် အစားအစာဖူလုံမှုနှင့် နေ့စဉ်အသက်မွေးဝမ်းကျောင်းများကိုပါ ထိခိုက်စေပါသည်။ ထို့အပြင် ပြင်ပမျိုးစေ့များအပေါ် မှီခိုလင့်အားထားမှုပိုမိုများပြားလာခြင်းသည် အနာဂတ်တွင် မိမိတို့၏ဒေသမျိုးစေ့များကို ဆုံးရှုံးသွားနိုင်သည့် အန္တရာယ်ကို တိုးမြင့်စေပြီး အစားအစာအချုပ်အခြာအာဏာကိုပါ အလုံးစုံဆုံးရှုံးနိုင်သည့် အခြေအနေသို့ ဦးတည်စေပါသည်။

ထို့ကြောင့် ကရင်နီပြည်တွင် အစားအစာဖူလုံမှုမှတစ်ဆင့် အစားအစာအချုပ်အခြာအာဏာ ခိုင်မာအားကောင်းစေရန်အတွက် တောင်သူများအပါအဝင် သက်ဆိုင်ရာပါဝင်ပတ်သက်သူများအားလုံးအနေဖြင့် အရေးတကြီး ပြန်လည်လှုံ့ဆော်ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ဒေသမျိုးစေ့များကို ပြန်လည်ထိန်းသိမ်း၊ ခိုင်မာအားကောင်းစေခြင်းသည် ကရင်နီပြည်၏ အစားအစာစနစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ အသက်မွေးဝမ်းကျောင်းနှင့် အစားအစာအချုပ်အခြာအာဏာတို့ကို ရေရှည် တည်တံ့စေမည့် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ပါသည်။ ဒေသမျိုးစေ့များသည် ကျွန်ုပ်တို့၏ ဘဝ၊ ကျွန်ုပ်တို့၏အသက်နှင့် ကျွန်ုပ်တို့၏မျှော်လင့်ချက်များဖြစ်သည့်အတွက် ဒေသမျိုးစေ့များ ခိုင်မာအားကောင်းရေးအတွက် အတူတကွဝိုင်းဝန်းကာကွယ်ထိန်းသိမ်းမြှင့်တင်ရန် အရေးတကြီး လိုအပ်နေလျက်ရှိသည်။

## ၂။ အဖွဲ့အစည်းအကြောင်း

ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက် (Kayah Earthrights Action Network – KEAN) သည် ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကရင်နီပြည်အတွင်း လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးအတွက် လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ကယားပြည်လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် စတင်ဖွဲ့စည်းချိန်မှစတင်၍ ဒေသခံပြည်သူများနှင့်ဌာနေတိုင်းရင်းသားတို့၏ မြေယာအခွင့်အရေးမြှင့်တင်ဆောင်ရွက်ခြင်း၊ သဘာဝအရင်းအမြစ်ဆိုင်ရာအခွင့်အရေးမြှင့်တင်ဆောင်ရွက်ခြင်း၊ သတ္တုဆိုင်ရာအခွင့်အရေးမြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်း၊ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများ၏ နောက်ဆက်တွဲဆိုးကျိုးသက်ရောက်မှုမှကာကွယ်ခြင်း၊ အစားအစာအုပ်ချုပ်စီမံမှုအခွင့်အာဏာအားကောင်းစေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်းနှင့် ရာသီဥတုဆိုင်ရာတရားမျှတမှုခံစားရရှိစေခြင်းစသောကဏ္ဍ(၆)ခုတွင် အသိပညာပေးခြင်း၊ သုတေသနပြုမှတ်တမ်းတင်ခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းနည်းလမ်းတို့ကို အသုံးပြု၍ လုပ်ဆောင်နေပါသည်။

### မျှော်မှန်းချက်

ကယား(ကရင်နီ)ပြည်အတွင်းရှိဒေသခံပြည်သူလူထုများ အခြေခံလူ့အခွင့်အရေးနှင့် လူမှုတရားမျှတမှုများရရှိပြီး ဂုဏ်သိက္ခာရှိစွာဖြင့် ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်တွင် နေထိုင်သွားနိုင်ရန်။

### ရည်မှန်းချက်

ကယားပြည်လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးလှုပ်ရှားဆောင်ရွက်သော အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကယား(ကရင်နီ)ပြည်အတွင်းရှိ ဒေသခံများ လူ့အခွင့်အရေးတိုးတက်ရရှိစေရန်၊ လူမှုတရားမျှတမှုရရှိစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်လုပ်ဆောင်သွားမည်။ ထို့သို့လုပ်ဆောင်နိုင်ရန် ဒေသခံများအားစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခြင်းနှင့် ၎င်းတို့၏အခွင့်အရေးတိုးတက်ရရှိစေရန်အတွက် ဒေသခံများနှင့်ပူးပေါင်း၍ စည်းရုံးလှုံ့ဆော်ခြင်းတို့ကိုလုပ်ဆောင်သွားမည်။

ဆက်သွယ်ရန်

Website: www.kearthrights.org

Facebook: KEAN@earthrights

## ၃။ အစီရင်ခံစာရည်ရွယ်ချက်များ

“ကျွန်ုပ်တို့မျိုးစေ့၊ ကျွန်ုပ်တို့အစားအစာ၊ ကျွန်ုပ်တို့အနာဂတ် (Our Seeds, Our Food, Our Future)” အစီရင်ခံစာသည် ကရင်နီပြည်၊ လွိုင်ကော်နှင့်ဖရူဆိုမြို့နယ်နှင့်ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာ (၂၂) ရွာတွင် အစားအစာအချုပ်အခြာအာဏာ ခိုင်မာအားကောင်းလာစေရေးအတွက် လုပ်ငန်းစဉ်များ ဖော်ဆောင်မှုများမှ တွေ့ရှိချက်များအပေါ် အခြေခံပြီး ထုတ်ဝေထားသည့် အစီရင်ခံစာတစ်စောင် ဖြစ်ပါသည်။ အစီရင်ခံစာ၏ရည်ရွယ်ချက်များမှာ -

(က) ကရင်နီဒေသအတွင်းရှိ ဒေသခံမျိုးစေ့များ၏ အရေးပါမှု၊ ယဉ်ကျေးမှု၊ အသက်မွေးဝမ်းကျောင်းနှင့် အစားအစာစနစ်များနှင့် ဆက်စပ်နေမှုကို ဖော်ပြရန်။

(ခ) လက်ရှိဖြစ်ပွားနေသော စစ်ရေးပဋိပက္ခ၊ ပြည်တွင်းရွှေ့ပြောင်းမှု (IDPs)နှင့် မြေယာမတည်ငြိမ်မှုများကြောင့် ဒေသခံမျိုးစေ့စနစ်များအပေါ် သက်ရောက်နေသော စိန်ခေါ်မှုများကို မှတ်တမ်းတင်ဖော်ထုတ်ရန်။

(ဂ) ကရင်နီဒေသရှိ လယ်သမားများ၊ အမျိုးသမီးများ၊ အသက်ကြီးသူများ၏ ရိုးရာ အသိပညာ (Indigenous and Local Knowledge) နှင့် မျိုးစေ့ထိန်းသိမ်းနည်းများကို စုဆောင်းမှတ်တမ်းတင်ရန်။

(ဃ) ရပ်ရွာအခြေပြုမျိုးစေ့ဘဏ်များ၏ အခန်းကဏ္ဍ၊ အရေးပါမှုနှင့် အရေးပေါ်အခြေအနေများတွင် လူထု၏ကိုယ်တိုင်တုံ့ပြန်နိုင်စွမ်း (resilience) ကို မည်သို့ အားကောင်းစေသည်ကို ဖော်ပြရန်။

(င) မျိုးစေ့နှင့် အစားအစာအချုပ်အာဏာအကြားရှိ ပတ်သက်ဆက်နွယ်မှုကို ရှင်းလင်းစွာဖော်ပြပြီး ဒေသခံလူထု၏ ဆုံးဖြတ်ခွင့်၊ ရွေးချယ်ခွင့်များကို အားပေးမြှင့်တင်ရန်။

(စ) အစားအစာအချုပ်အခြာအာဏာခိုင်မာအားကောင်းရေးအတွက် KEAN နှင့် ရပ်ရွာများအကြား ပူးပေါင်းဆောင်ရွက်မှုများကို မီးမောင်းထိုးပြပြီး လက်တွေ့အောင်မြင်မှုများနှင့် သင်ခန်းစာများကို မျှဝေရန်။

(ဆ) အနာဂတ်အတွက် ပြည်နယ်အတွင်း အစားအစာအချုပ်အခြာအာဏာခိုင်မာအားကောင်းရေးအတွက် မဟာဗျူဟာကျသောလုပ်ငန်းစဉ်များနှင့် မူဝါဒများ ထွက်ပေါ်လာနိုင်ရန် စသည့်ရည်ရွယ်ချက်များပင် ဖြစ်ပါသည်။

## ၄။ ကရင်နီဒေသ၏ မျိုးစေ့နှင့် မြေယာအခြေအနေ



စီမံကိန်းကျေးရွာမှ ဒေသမျိုးစေ့များ (ဓာတ်ပုံ - KEAN)

မြေယာဆိုင်ရာ ပိုင်ဆိုင်ခွင့်၊ ဆုံးဖြတ်ခွင့်နှင့် စီမံခန့်ခွဲခွင့်တို့နှင့်အတူ မျိုးစေ့များကို ကိုယ်တိုင်ထိန်းချုပ်နိုင်ခြင်းသည် စားနပ်ရိက္ခာဖူလုံရေး၊ အသက်မွေးဝမ်းကျောင်းတည်ငြိမ်မှုနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းရာတွင် အလွန်အရေးပါသော အချက်အချာတစ်ရပ်ဖြစ်ပါသည်။ မြေယာနှင့် မျိုးစေ့အပေါ် အချုပ်အခြာအာဏာရှိခြင်းသည် ရပ်ရွာအခြေပြုစိုက်ပျိုးရေးစနစ်များကို ဆက်လက်ထိန်းသိမ်းနိုင်စေပြီး ဒေသခံလူထု၏ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းနှင့် ခံနိုင်ရည်ကို ခိုင်မာစေပါသည်။

သို့သော်လည်း ကြာရှည်စွာ ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ၊ ကျယ်ပြန့်စွာနေရပ်ရွှေ့ပြောင်းခံရမှုများနှင့် မဖြေရှင်းရသေးသည့် မြေယာအုပ်ချုပ်မှုဆိုင်ရာ ပြဿနာများကြောင့် ရပ်ရွာအခြေပြုစိုက်ပျိုးရေးစနစ်များနှင့် ရိုးရာဓလေ့အခြေပြုမျိုးစေ့အသုံးချမှုအလေ့အထများသည် သိသာထင်ရှားစွာ ထိခိုက်ပျက်စီးလာခဲ့ပါသည်။ ဤအခြေအနေများသည် လယ်သမားများနှင့် ဌာနေတိုင်းရင်းသားလူထု၏ မြေယာနှင့် မျိုးစေ့ဆိုင်ရာအခွင့်အရေးများကို အားနည်းစေသည့်အပြင် အစားအစာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းကြောင်းဆိုင်ရာ ရေရှည်တည်တံ့မှုကိုပါ ထိခိုက်စေသော အကြောင်းရင်းအဖြစ် တည်ရှိနေပါသည်။

## မြေယာပိုင်ဆိုင်မှု မလုံခြုံခြင်း

ခေတ်အဆက်ဆက်အစိုးရများသည် ကရင်နီပြည်ရှိ တောင်သူများ၏မြေယာပိုင်ဆိုင်မှုများကို တရားဝင်အသိအမှတ်ပြုခဲ့ခြင်း မရှိခဲ့ပါ။ ထိုအစား ဗဟိုအာဏာကို အလွန်အမင်းအခြေခံထားသည့် မြေယာစီမံခန့်ခွဲမှုစနစ်များကိုသာ ယန္တရားများအဖြစ်တည်ဆောက်ကာ ဆက်လက်ကျင့်သုံးလာခဲ့ကြပါသည်။ ခေတ်အဆက်ဆက်အစိုးရများသည် ဗဟိုထိန်းချုပ်မှုရှိသော မြေယာယန္တရားများကို တိုင်းရင်းသားဒေသများတွင် အသက်ဝင်အောင် ကြိုးပမ်းဖော်ဆောင်နေကြသော်လည်း ကရင်နီပြည်၏ဒေသအများစုတွင် တရားဝင်အသိအမှတ်ပြုထားခြင်းမရှိသည့် ရိုးရာဓလေ့အခြေပြုမြေယာအသုံးပြုမှုစနစ်များကို မှီခိုအသုံးပြုနေရဆဲဖြစ်ပါသည်။

ဤအခြေအနေ၏ နောက်ဆက်တွဲအကျိုးဆက်များအဖြစ် မြေယာသိမ်းဆည်းခံရမှုများ၊ ဝင်ရောက်အသုံးပြုခွင့်ကန့်သတ်ခံရမှုများနှင့် ပြင်ပအာဏာရှိသူများ၏ထိန်းချုပ်မှုများကို ကရင်နီပြည်သူများက ဆက်တိုက်ရင်ဆိုင်လာခဲ့ရပါသည်။ ထိုကဲ့သို့သော မြေယာအုပ်ချုပ်မှုဆိုင်ရာ မတည်ငြိမ်မှုများသည် ရပ်ရွာအခြေပြုစိုက်ပျိုးရေးစနစ်များကို အားနည်းစေသည့်အပြင် ဒေသခံပြည်သူများ၏မြေယာဆိုင်ရာ ပိုင်ဆိုင်ခွင့်၊ ဆုံးဖြတ်ခွင့်နှင့် စီမံခန့်ခွဲခွင့်များကိုပါ ဆုံးရှုံးစေခဲ့ပါသည်။


အထူးသဖြင့် မြေယာဆိုင်ရာအခွင့်အရေးများမရှိခြင်းသည် ဒေသမျိုးစေ့များကို ပြန်လည်ရွေးချယ်၊ စိုက်ပျိုး၊ မျိုးပွား၊ ထိန်းသိမ်းလာခဲ့သည့် ရိုးရာအလေ့အကျင့်များကို အကန့်အသတ်ဖြစ်စေပြီး ဌာနေတိုင်းရင်းသားလူမျိုးများ၏ သီးနှံမျိုးကွဲများနှင့် ဇီဝမျိုးစုံလင်မှုဆိုင်ရာ ထိန်းသိမ်းနိုင်စွမ်းကိုပါ သိသာစွာ အားနည်းစေခဲ့ပါသည်။ ထို့အတွက်ကြောင့် မြေယာနှင့် မျိုးစေ့ဆိုင်ရာ လူထု၏အချုပ်အခြာအာဏာပြန်လည်ရရှိရေးအတွက် ကရင်နီပြည်၏အစားအစာဖူလုံရေး၊ အသက်မွေးဝမ်းကြောင်းနှင့် ဌာနေတိုင်း ရင်းသားအခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းရန် မဖြစ်မနေလိုအပ်နေပါသည်။

## လက်နက်ကိုင်ပဋိပက္ခ၏ သက်ရောက်မှု

ဆက်လက်ဖြစ်ပွားနေသောလက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့်နေရပ်ရွှေ့ပြောင်းမှုများနှင့် မတည်ငြိမ်မှုများသည် ကရင်နီပြည်သူများ၏ စိုက်ပျိုးရေးစက်ဝန်းများကို ပြင်းထန်စွာ အနှောင့်အယှက် ဖြစ်စေပါသည်။ ထိုကဲ့သို့သော အခြေအနေများကြောင့် ရာသီအလိုက်စိုက်ပျိုးခြင်းနှင့်ရိတ်သိမ်းခြင်းလုပ်ငန်းများသည် မကြာခဏ ပြတ်တောက်ခံရပြီး အချိန်မီမလုပ်ဆောင်နိုင်ခြင်းတို့နှင့် ကြုံတွေ့လာရပါသည်။

၎င်း၏နောက်ဆက်တွဲအကျိုးဆက်အဖြစ် ဒေသမျိုးစေ့များကို အချိန်မီစုဆောင်းခြင်း၊ သိမ်းဆည်းခြင်းနှင့် ပြန်လည်မျိုးပွားနိုင်မှုများလျော့နည်းလာပြီး ဒေသမျိုးစေ့များဆုံးရှုံးမှုနှင့် မျိုးစုံလင်မှု ကျဆင်းလာခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ဤအခြေအနေများသည် ရပ်ရွာအခြေပြုစိုက်ပျိုးရေးစနစ်များ၏

တည်ငြိမ်မှုကို ထိခိုက်စေသည့်အပြင် အစားအစာဖူလုံရေးနှင့် အသက်မွေးဝမ်းကြောင်း ရေရှည်တည်တံ့မှုကိုပါ အန္တရာယ်ဖြစ်စေသော အကြောင်းရင်းများအဖြစ် တည်ရှိနေပါသည်။




ကရင်နီပြည်အတွင်း စစ်ဖြစ်ပွားရာဒေသပြပုံ (မြေပုံ - KEAN)

**ဒေသခံမျိုးစေ့စနစ်များတိုက်စားခံရခြင်း**

ပြည်တွင်းရွှေ့ပြောင်းခံရသူများ (IDPs) အများအပြားသည် ရွှေ့ပြောင်းရစဉ်အတွင်း ဒေသမျိုးစေ့များကို လုံခြုံစွာသယ်ဆောင်နိုင်ခြင်းမရှိသည့်အပြင် ရွှေ့ပြောင်းရာဒေသများတွင်လည်း မြေယာများကို စိတ်ချလက်ချစိုက်ပျိုးလုပ်ကိုင်ရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ထိုကဲ့သို့သော အခြေအနေများကြောင့် ရွှေ့ပြောင်းခံရသောအိမ်ထောင်စုများသည် ပြင်ပမှပံ့ပိုးပေးသည့် မျိုးစေ့အကူအညီများအပေါ် ပိုမိုမှီခိုလာရပြီး ဒေသလိုက်လျောညီထွေဖြစ်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာဆက်စပ်မှုများထက် ရေတိုအထွက်နှုန်းကို ဦးစားပေးသော စိုက်ပျိုးမှုများကို ရွေးချယ်လာကြသည်။

ထို့အပြင် ပြည်တွင်းရွှေ့ပြောင်းခံရသူအရေအတွက် တိုးပွားလာခြင်းနှင့်အတူ စျေးကွက်ဝယ်လိုအားများကြောင့် စစ်ရှောင်ပြည်သူများကို လက်ခံနေထိုင်စေသည့် ဒေသခံပြည်သူများပါ စားနပ်ရိက္ခာရေတိုလိုအပ်ချက်များကို အလျင်အမြန်ဖြေရှင်းနိုင်သည့် ပြင်ပမျိုးစေ့များကို ပြောင်းလဲစိုက်ပျိုးလာမှုများ တိုးလာနေပါသည်။ ဤကဲ့သို့သော ပြောင်းလဲမှုများသည် ဌာနေမျိုးစေ့မျိုးစုံနှင့် မျိုးကွဲများ၏ တိုက်စားပျောက်ဆုံးမှုကို အရှိန်မြှင့်စေသည့်အပြင် ဒေသခံတောင်သူများ၏အစားအစာစနစ်များအပေါ် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့်အုပ်ချုပ်စီမံခန့်ခွဲနိုင်စွမ်းကိုပါ ထိခိုက်စေသောအရေးပါသည့်စိန်ခေါ်မှုတစ်ရပ်အဖြစ် ပေါ်ပေါက်လျက်ရှိပါသည်။

**၅။ မျိုးစေ့နှင့် အစားအစာအချုပ်အခြာအာဏာ**



ကရင်နီပြည်မှ တောင်သူဦးကြီးနှင့်စပါးခင်း (ဓာတ်ပုံ - KEAN)

အစားအစာအချုပ်အခြာအာဏာဆိုသည်မှာ လူထုများအနေဖြင့် မိမိတို့၏အစားအစာစနစ်ကို မိမိတို့ကိုယ်တိုင်ဆုံးဖြတ်ခွင့်ရှိခြင်းကို ဆိုလိုပါသည်။ ၎င်းတွင် မည်သည့်သီးနှံကို စိုက်ပျိုးမည်၊ မည်သည့်မျိုးစေ့ကို အသုံးပြုမည်၊ မည်သည့်စိုက်ပျိုးနည်းစနစ်များကို ရွေးချယ်မည်နှင့် မည်သို့ထိန်းသိမ်းမည်၊ မည်သို့ပြန်လည်အသုံးပြုမည်ဆိုသည့် အရေးကြီးသောဆုံးဖြတ်ချက်များ ပါဝင်ပါသည်။ ထိုဆုံးဖြတ်ချက်များကို အမှန်တကယ်အသုံးချနိုင်ရန် လူထုများအနေဖြင့် ခိုင်မာသည့်မြေယာအသုံးပြုခွင့်နှင့် မျိုးစေ့အပေါ် ကိုယ်ပိုင်အခွင့်အရေးများရှိရန် လိုအပ်ပါသည်။

မြေယာနှင့်မျိုးစေ့သည် ခွဲခြား၍မရသော အရင်းအမြစ်နှစ်ရပ်ဖြစ်ပြီး မြေယာလုံခြုံမှုမရှိသည့် အခြေအနေများတွင် မျိုးစေ့ထိန်းသိမ်းခြင်းနှင့် ပြန်လည်မျိုးပွားနိုင်စွမ်းအပေါ် တိုက်ရိုက်ထိခိုက်လာပါသည်။ ကရင်နီဒေသကဲ့သို့ ပဋိပက္ခနှင့်ရွှေ့ပြောင်းခံရမှုများ ဆက်လက်ဖြစ်ပေါ်နေသည့် အခြေအနေများတွင် မြေယာအသုံးပြုခွင့်ကန့်သတ်မှုများနှင့် ပြင်ပမျိုးစေ့အကူအညီများအပေါ် မှီခိုလာရခြင်းသည် လူထု၏အစားအစာအချုပ်အခြာအာဏာကို အားနည်းစေပါသည်။ ပြင်ပမျိုးစေ့များသည် ကာလတိုအတွက် အသုံးဝင်နိုင်သော်လည်း ဒေသနှင့်မကိုက်ညီခြင်း၊ ပြန်လည်မျိုးပွားခွင့်မရှိခြင်းတို့ကြောင့် လယ်သမားများ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ကန့်သတ်နေပါသည်။

ထို့ကြောင့် ဒေသမျိုးစေ့ထိန်းသိမ်းခြင်း၊ လူထုအခြေပြု မျိုးစေ့ဘဏ်များတည်ထောင်ခြင်းနှင့် မြေယာအခွင့်အရေးများခိုင်မာစေရန် ဆောင်ရွက်ခြင်းသည် အစားအစာအချုပ်အခြာအာဏာကို ပြန်လည်တည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍအဖြစ် ပါဝင်နေပါသည်။ ဒေသခံမျိုးစေ့များကို ကာကွယ်ထိန်းသိမ်းမြှင့်တင်ခြင်း၊ မျိုးစေ့ရွေးချယ်နိုင်ခွင့်ကို ခိုင်မာစေခြင်းနှင့် လူထုဦးဆောင်သောစိုက်ပျိုးရေးစနစ်များကို အားပေးမြှင့်တင်ခြင်းသည် ရေရှည်တည်တံ့သောအစားအစာစနစ်များကို တည်ဆောက်ရာတွင် အရေးပါသော အခြေခံအုတ်မြစ်ဖြစ်ပါသည်။

**၆။ မျိုးစေ့ဆိုတာဘာလဲ။**

မျိုးစေ့သည် အစားအစာ၏ အစဖြစ်သကဲ့သို့ ကျွန်ုပ်တို့၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် သမိုင်းကိုပါ ထိန်းသိမ်းထားသော အမွေအနှစ်ဖြစ်သည်။ ဘိုးဘွားများထံမှ လက်ဆင့်ကမ်းလာသောမျိုးစေ့တိုင်းတွင် ဒေသနှင့် ကိုက်ညီမှု၊ အရသာနှင့် ခံနိုင်ရည်ရှိမှုတို့ ပါဝင်နေသည်။

**"ကျွန်တော်တို့ကရင်နီမှာ ဒေသမျိုးစေ့လို့ပြောလိုက်ရင် ကျွန်တို့လူမျိုးတွေရဲ့ရိုးရာယဉ်ကျေးမှုနဲ့တိုက်ရိုက်ချိတ်ဆက်နေတယ်။ ဥပမာ - ကယန်းလူမျိုးမှာ ပြောင်းကောက်နဲ့ ခေါင်ရည်၊ ကယားလူမျိုးမှာ ကောက်ညှင်းနဲ့ ဒီးကူဆိုပြီး တွဲမြင်လေ့ရှိကြတယ်။"** စောအယ်စေး (KEAN)

## ၇။ နိုင်ငံရေး၊ လူမှုစီးပွားရေးအရ ဒေသမျိုးစေ့များ၏ အကျိုးကျေးဇူးများ



တောင်ယာစပါးများရိတ်သိမ်းနေသောတောင်သူများ (ဓာတ်ပုံ - KEAN)

### အစားအစာအချုပ်အခြာနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ခိုင်မာစေခြင်း

ဒေသမျိုးစေ့များကို ထိန်းသိမ်းအသုံးပြုနိုင်ခြင်းသည် လူထုများအနေဖြင့် မိမိတို့၏ အစားအစာစနစ်ကို မိမိတို့ကိုယ်တိုင်ဆုံးဖြတ်နိုင်သည့် အခြေခံအခွင့်အရေးကို အားကောင်းစေပါသည်။ မည်သည့်မျိုးစေ့ကို စိုက်ပျိုးမည်၊ မည်သည့်စိုက်ပျိုးနည်းလမ်းကို ရွေးချယ်မည်ဆိုသည့် ဆုံးဖြတ်ချက်များသည် ဒေသခံလူထု၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် နိုင်ငံရေးအင်အားကို တိုးတက်စေပါသည်။

### မြေယာနှင့် သယံဇာတအပေါ် အုပ်ချုပ်နိုင်စွမ်းကို တိုးတက်စေခြင်း

ဒေသမျိုးစေ့များကို ထိန်းချုပ်နိုင်ခြင်းသည် မြေယာအသုံးပြုခွင့်၊ စီမံခန့်ခွဲခွင့်၊ ဆုံးဖြတ်ခွင့်များနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပါသည်။ ဒေသမျိုးစေ့စနစ်များခိုင်မာလာခြင်းသည် ဌာနေတိုင်းရင်းသားတို့၏မြေယာနှင့် သယံဇာတအပေါ် အုပ်ချုပ်နိုင်စွမ်းကို အားကောင်းစေပါသည်။

### လူမှုရေးညီညွတ်မှုနှင့် ရပ်ရွာအင်အားကို တည်ဆောက်ခြင်း

ရပ်ရွာအခြေပြုမျိုးစေ့ဘဏ်များနှင့် မျိုးစေ့မျှဝေရေးစနစ်များသည် လူထုအချင်းချင်းယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးညီညွတ်မှုကို တိုးတက်စေပါသည်။ အထူးသဖြင့် အမျိုးသမီးများနှင့် အသက်ကြီးသူများ၏အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်းသည် လူမှုရေးအင်အားကို ပိုမိုခိုင်မာစေပါသည်။

## စီးပွားရေးခံနိုင်ရည်နှင့် အသက်မွေးဝမ်းကျောင်းများကို အားကောင်းစေခြင်း

ဒေသမျိုးစေ့များကို အသုံးပြုခြင်းအားဖြင့် လယ်သမားများသည် ပြင်ပမျိုးစေ့များဝယ်ယူရမည့် စရိတ်များကို လျှော့နည်းစေနိုင်ပါသည်။ ထို့အပြင် ဒေသနှင့်ကိုက်ညီသောမျိုးစေ့များသည် ရာသီဥတုနှင့် ပတ်ဝန်းကျင်အပြောင်းအလဲများအပေါ် ခံနိုင်ရည်ရှိပြီး အထွက်နှုန်းမတည်ငြိမ်မှုများကို လျှော့နည်းစေပါသည်။

## ပဋိပက္ခနှင့် ရွှေ့ပြောင်းခံရမှုအခြေအနေများတွင် လူထုခံနိုင်ရည်ကို မြှင့်တင်ခြင်း

ပဋိပက္ခနှင့်အရေးပေါ်အခြေအနေများတွင် ဒေသမျိုးစေ့စနစ်များသည် လျင်မြန်စွာပြန်လည်စိုက်ပျိုးနိုင်စွမ်းကို ပံ့ပိုးပေးပါသည်။ ထိုကဲ့သို့သော စနစ်များသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများအပေါ် အလွန်အမင်းမှီတည်ရခြင်းကိုလျှော့နည်းစေပြီး လူထု၏ကိုယ်တိုင်တုံ့ပြန်နိုင်စွမ်းကို တိုးတက်စေပါသည်။

## ယဉ်ကျေးမှုအမွေအနှစ်နှင့် ဌာနေအသိပညာကို ထိန်းသိမ်းခြင်း

ဒေသမျိုးစေ့များသည် ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ရိုးရာအသိပညာများကို သယ်ဆောင်ထားသော အသက်ရှင်သည့် အမွေအနှစ်များဖြစ်ပါသည်။ မျိုးစေ့များကို ထိန်းသိမ်းခြင်းသည် ယဉ်ကျေးမှု မပြတ်တောက်စေရန်နှင့် လူမျိုးများ၏ဖြစ်တည်မှု အထောက်အထားအတွက် အလွန်အရေးပါသည်။



ဒေသတွင်းသီးနှံများကို အစားအစာအဖြစ် ပြုလုပ်ခြင်း (ဓာတ်ပုံ - KEAN)

## ၈။ ဦးစားပေး မျိုးစေ့များ (ဒေသခံစပါး၊ သီးနှံများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ)




ကရင်နီဒေသတွင် တွေ့မြင်နေရသေးသည့် ဒေသမျိုးစေ့များ (ဓာတ်ပုံ - KEAN)

ကရင်နီဒေသတွင် ဦးစားပေးမျိုးစေ့များကိုရွေးချယ်ရာတွင် ဒေသနှင့်ကိုက်ညီမှု၊ အစားအစာအရေးပါမှု၊ ယဉ်ကျေးမှုပတ်သက်ဆက်နွယ်မှုနှင့် ပဋိပက္ခအခြေအနေအောက်တွင် ခံနိုင်ရည်ရှိမှုစသည်တို့အပေါ် အခြေခံစဉ်းစားသည်။

### ဒေသခံစပါးမျိုးများ

ဒေသခံစပါးမျိုးများသည် ကရင်နီလူထု၏အစားအစာလုံခြုံမှုနှင့် ယဉ်ကျေးမှုအတွက် အခြေခံအရေးပါသောမျိုးစေ့များ ဖြစ်သည်။ ဒေသခံစပါးမျိုးများတွင် အဓိကအားဖြင့် တောင်ယာစပါးနှင့် လယ်ယာစပါးမျိုးများပင် ဖြစ်သည်။ ဒေသခံစပါးမျိုးများသည် ရာသီဥတုပြောင်းလဲမှုနှင့် မတည်ငြိမ်သည့်အခြေအနေများအောက်တွင်လည်း ဆက်လက်စိုက်ပျိုးနိုင်သောလက္ခဏာများရှိပြီး ဒေသခံစပါးမျိုးများကို ထိန်းသိမ်းခြင်းသည် အစားအစာလုံခြုံရေးသာမက ရိုးရာယဉ်ကျေးမှုနှင့်အသက်မွေးဝမ်းကြောင်းကိုပါ ကာကွယ်ရာရောက်သည်။

## သီးနှံများ

တောင်ယာ၊ လယ်ယာစိုက်ပျိုးရေးစနစ်အတွင်း အသုံးပြုလာခဲ့သော ပြောင်း၊ ပဲမျိုးစုံ၊ ဂျုံမဟုတ်သော သီးနှံများသည် ပဋိပက္ခနှင့်ရွှေ့ပြောင်းခံရမှုအခြေအနေများအောက်တွင် လွယ်ကူစွာပြန်လည်စိုက်ပျိုးနိုင်သည့် အားသာချက်ရှိသည်။ ဤသီးနှံများသည် မြေဆီလွှာထိန်းသိမ်းမှုနှင့် အစားအစာမျိုးစုံရရှိစေရန် အထောက်အကူဖြစ်ပြီး ဒေသခံလယ်သမားများ၏ အန္တရာယ်လျော့ချရေး (risk diversification) အတွက်လည်း အရေးပါသည်။

## ဟင်းသီးဟင်းရွက် မျိုးစေ့များ

ဒေသခံဟင်းသီးဟင်းရွက်မျိုးစေ့များသည် အာဟာရတန်ဖိုးမြင့်မားပြီး အိမ်ခြံစိုက်ပျိုးရေးနှင့် ရပ်ရွာအခြေပြုစိုက်ပျိုးရေးစနစ်များတွင် စိုက်ပျိုးလေ့ရှိကြသည်။ ပဋိပက္ခအခြေအနေအောက်တွင် မြေယာအကျယ်အဝန်းကန့်သတ်မှုရှိသည့် အိမ်ထောင်စုများအတွက် ဟင်းသီးဟင်းရွက်မျိုးစေ့များသည် စားနပ်ရိက္ခာနှင့်အာဟာရကို လျင်မြန်စွာဖြည့်ဆည်းပေးနိုင်သောအရေးပါသည့်မျိုးစေ့များဖြစ်သည်။

**KEAN လုပ်ငန်းများဖော်ဆောင်သည့်ရပ်ရွာများအတွင်း တွေ့ရှိရသောမျိုးစေ့တည်ရှိမှုအခြေအနေနှင့် အကျိုးကျေးဇူးများ**

| မျိုးစေ့အမည် | မျိုးစေ့အမျိုးအစားများ | တည်ရှိမှုအခြေအနေနှင့် အကျိုးကျေးဇူးများ |
|---|---|---|
| စပါး | ၁။ ကောက်ညှင်းစပါး<br>၂။ တောင်ယာစပါး<br>၃။ လုံးပုစပါး<br>၄။ လုံးရှည်စပါး<br>၅။ ဖင်မဲစပါး | စပါးမျိုးစေ့သည် ဒေသခံဌာနေတိုင်းရင်းသားတို့၏ အခြေခံလိုအပ်ချက်ဖြစ်ပြီး စားနပ်ရိက္ခာအတွက် မရှိမဖြစ်လိုအပ်ပါသည်။ စပါးမျိုးစေ့ကို တောင်ယာစိုက်ပျိုးနည်းနှင့် လယ်ယာစိုက်ပျိုးနည်းတို့ဖြင့် ခေတ်အဆက်ဆက်မှ လက်ဆင့်ကမ်းစိုက်ပျိုးလာသော မျိုးစေ့ဖြစ်ပါသည်။ စပါးမျိုးစေ့အမျိုးအစားများမှာ ကောက်ညှင်းစပါး၊ တောင်ယာစပါး၊ လုံးပုစပါး၊ လုံးရှည်စပါး၊ ဖင်မဲစပါး စသည့်မျိုးစေ့များပါဝင်ပြီး ဘိုးဘွားဘီဘေအဆက်ဆက်မှ စိုက်ပျိုးလာသော ဒေသစပါးမျိုးစေ့ဖြစ်ပါသည်။ ဒေသစပါးများ၏ အကျိုးပြုပုံမှာ ကျန်းမာရေးအတွက် အဟာရဓာတ်အထူးကောင်းမွန်သည်သာမက စားသုံးရာတွင် အစားခံခြင်း၊ နှစ်အလိုက် ကြာရှည်စွာ အထားခံခြင်းနှင့် အလေးချိန်စီးသော မျိုးစေ့ဖြစ်ပါသည်။ ဒေသ |

| | | |
|---|---|---|
| | | စပါးမျိုးစေ့၏ အားသာချက်မှာ မိုးတွင်းတွင်သာ အဓိက ထားစိုက်ပျိုးသွားကြပြီး ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ မြေနေရာဒေသမရွေး အသင့်စိုက်ပျိုးသွားနိုင်ခြင်းနှင့် ဆန်ထွက်နှုန်းပိုမိုကောင်းမွန်ခြင်း စသည့် အကျိုးပြုမှုများစွာရှိပါသည်။ အထူးသဖြင့် ကောက်ညှင်းစပါးသည် အခြားသော အထူးပြုလုပ်မှု အပိုင်း (ကောက်ညှင်း ဆန်မုန့်များ၊ မုန့်လက်ကောက်များ၊ ခေါင်ရည်ချက်ခြင်း၊ ဒီးကူထုတ်ခြင်း စသည်တို့) တွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိကြပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ထိုဒေသမျိုးစေ့များ ဖြစ်ကြသော စပါးမျိုးတို့သည် စစ်တမ်းကောက်ယူမှု ရာခိုင်နှုန်းအရ ဒေသအတွင်း စိုက်ပျိုးထုတ်လုပ်မှု အင်မတန်လျော့ကျ (သို့) ပပျောက်လုနီးပါးအထိ ရှိနေသည်ကို တွေ့မြင်ရပါသည်။ ထိုစပါးမျိုးစိုက်ပျိုး ထုတ်လုပ်ရန် အဖက်ဖက်မှ တောင်သူများအတွက် အခက်အခဲရှိနေသော်လည်း ဒေသစပါးမျိုးစေ့ကို ပြန်လည်ထိန်းသိမ်းစိုက်ပျိုးသွားကြရန် လိုအပ်လျက်ရှိနေသည်ကို တွေ့မြင်ရပါသည်။ |
| ပြောင်း | ၁။ ပြောင်းဝါ<br>၂။ ပြောင်းဖြူ<br>၃။ ပြောင်းဖူးပေါက်ပေါက်<br>၄။ ကောက်ညှင်းပြောင်း<br>၅။ ပြောင်းကောက် (ဖြူ၊ နီ၊ ကောက်ညှင်း | ဒေသပြောင်းများစိုက်ပျိုးခြင်းသည် စီးပွားဖြစ်စိုက်ပျိုးသွားကြရာတွင် ပြောင်းဝါနှင့် ပြောင်းကောက်တို့ကိုသာ အဓိကထား စိုက်ပျိုးသွားလေ့ရှိပြီး အခြားပြောင်းအမျိုးအစားများကို ရာသီအလိုက် မီးဖိုချောင်စိုက်ပျိုးရေးအတွက်သာ စိုက်ပျိုးအသုံးပြု သွားကြပါသည်။ ပြောင်းဝါသည် ဈေးကွက်အတွင်း စီးပွားဖြစ်ရောင်းချနိုင်သည်သာမက ကြက်၊ ဝက်များ မွေးမြူရာတွင် အစာအဖြစ်ပြန်လည်အသုံးပြုမှုများလည်း ပြုလုပ်သွားကြပါသည်။ ပြောင်းကောက်သည် များသောအားဖြင့် ဒေသခေါင်ရည်ချက်လုပ်ရန် အတွက် အဓိကထားအသုံးပြုသွားကြပါသည်။ တစ်နည်းအားဖြင့် ကုန်ချောအဆင့်အထိ ထုတ်လုပ်နိုင်သည့် ကုန်ကြမ်းတစ်ခုဖြစ်ပါသည်။ အခြားသော ပြောင်းများသည် ထွက်ခါစပြောင်းဖူးနုများကို |

| | | |
|---|---|---|
| | | ပြောင်းဖူးပြုတ်အဖြစ်သော်လည်းကောင်း ပြောင်းဖူးခြောက်လှော်၊ ပြောင်းဖူးပေါက်ပေါက်လှော် အဖြစ်သော်လည်းကောင်း တစ်နှစ်စာအစာပြေနှင့် မီးဖိုချောင်ဟင်းလျာများတို့ဖြင့် အသုံးပြုစားသုံးသွားကြပါသည်။ |
| ကောက်ပဲသီးနှံများ | ၁။ မုန်ညှင်းအမျိုးမျိုး<br>၂။ ပဲအမျိုးမျိုး<br>၃။ ဖရုံ၊ သခွားအမျိုးမျိုး<br>၄။ ဂေးပ်၊ တောထွက်သီးနှံ အမျိုးမျိုး<br>၅။ ဟင်းခတ်ပင်အမျိုးမျိုး<br>၆။ ဥစားအမျိုးမျိုး၊ အသီးစားအမျိုးမျိုး | ကောက်ပဲသီးနှံအမျိုးအစားများသည် တစ်နှစ်စာမီးဖိုချောင်သုံးဟင်းလျာများအတွက် အဓိကထားအသုံးပြုသွားကြပါသည်။ အစိမ်းဟင်းလျာအဖြစ်သော်လည်းကောင်း အခြောက်ခံထားရှိပြီး အစာခြောက်ဟင်းလျာများအဖြစ် သော်လည်းကောင်း အသုံးပြုသွားကြပါသည်။ ကောက်ပဲသီးနှံများကို တစ်နှစ်စာအတွင်း မိုးတွင်းကာလတွင်သာ အဓိကထားစိုက်ပျိုးသွားလေ့ရှိကြပြီး ကျန်ကာလအတွင်းမှာ အစာခြောက်ဟင်းလျာများဖြင့်သာ အသုံးပြုစားသုံးကြပါသည်။ ဒေသအတွင်းဖြစ် ထွန်းလျှက်ရှိနေပြီး ကာလအပိုင်းအခြားအလိုက် ခွဲဝေအသုံးပြုစားသုံးသွားကြပါသည်။ ထိုသို့အသုံးပြုစားသောက်ခြင်းအားဖြင့် ကျန်းမာရေးအတွက် လိုအပ်သောအဟာရဓါတ်များအား ဖြည့်တင်းပေးပြီး တစ်နှစ်စာအတွက် ဖူလုံမှုရှိကြပါသည်။ အထူးသဖြင့် ဒေသအတွင်း တစ်အိမ်နှင့်တစ်အိမ်၊ ကျေးရွာတစ်ရွာနှင့်တစ်ရွာ၊ ဒေသတစ်ခုနှင့်တစ်ခုတို့သည် မိမိတို့ ပိုလျှံနေသည့် မျိုးစေ့မျိုးမျိုးတို့မှ အပြန်အလှန်မျှဝေဖလှယ်သွားသည့်စနစ်သည် အလွန်ပျော်မွေ့ဖွယ်၊ ပီတိဖြစ်ဖွယ်ကောင်းသော စနစ်ကောင်းတစ်ခုဖြစ်သည်ကို တွေ့မြင်ရပါသည်။ |
| ဆီထွက်သီးနှံများ | ၁။ မြေပဲနီ/ဖြူ<br>၂။ နေကြာ<br>၃။ ပန်းနှမ်း | မြေပဲ၊ နေကြာနှင့် ပန်းနှမ်းတို့သည် ဒေသအတွင်း စဉ်ဆက်မပြတ် အဓိကထားစိုက်ပျိုးသွားကြသောဒေသမျိုးစေ့ဝင်များဖြစ်ကြပါသည်။ စားသုံးသူနှင့်တောင်သူ လယ်သမားတို့အတွက် မရှိမဖြစ်လိုအပ်လျှက်ရှိပြီး ဟင်းပွဲများပြင်ဆင်စားသုံးနိုင်ရန်အတွက် ဆီသည် မရှိမဖြစ်လိုအပ်ပါသည်။ ထိုသို့ စားသုံးဆီကို လုံခြုံစိတ်ချစွာ စားသုံးနိုင်ခြင်းသည် ကျန်းမာရေး |

| | | |
|---|---|---|
| | | အတွက် အသင့်လျော်ဆုံးဖြစ်ပြီး ဒေသထွက်ဖြစ်သော မြေပဲဆီ၊ နေကြာဆီ၊ ပန်းနှမ်း ဆီတို့သည် ဒေသခံလူထုများအတွက် အသင့်တော်ဆုံးနှင့် လုံခြုံစိတ်ချမှုအရှိဆုံးဖြစ်ပါသည်။ တစ်ချို့သောတောင်သူများသည်ဆီအဖြစ် ကုန်ချောအထိ ထုတ်ယူရောင်းချခြင်းနှင့်အတူ အဆံများဖြင့် ဈေးကွက်အတွင်း တင်ပို့ရောင်းချနိုင်သည်အထိ စိုက်ပျိုးထုတ်လုပ်သွားနိုင်ကြပါသည်။ ဈေးကောင်း ရရှိသောဒေသမျိုးစေ့တစ်ခုအပါအဝင်ဖြစ်သည်ကိုလည်း တွေ့မြင်ရပါသည်။ |

**၉။ မျိုးစေ့စုဆောင်းခြင်းနှင့် ဒေသခံအသိပညာ**

ကရင်နီဒေသတွင် ဒေသမျိုးစေ့များကို စုဆောင်းထိန်းသိမ်းလာသည့်အလေ့အကျင့်သည် ဘိုးဘွားစဉ်ဆက်မှ ဆက်လက်လက်ဆင့်ကမ်းလာသော အရေးပါသည့် အမွေအနှစ်တစ်ရပ်ဖြစ်သကဲ့သို့ ဒေသခံအသိပညာ (Indigenous and Local Knowledge) ကို ထိန်းသိမ်းကာကွယ်လာသည့် လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါသည်။ မျိုးစေ့ဘဏ်တစ်ခု၏ အောင်မြင်မှုသည် မျိုးစေ့အရေအတွက်အများအပြားရှိခြင်းထက် လူထုအတွင်းရှိ အသိပညာ၊ အတွေ့အကြုံများကို မည်မျှအထိ အဓိကထား၍ ပါဝင်စေပြီး လက်ဆင့်ကမ်းနိုင်သည်ဆိုသည့်အချက်ပေါ် မူတည်နေပါသည်။

**လယ်သမားများ၏ အခန်းကဏ္ဍ**

လယ်သမားများသည် မျိုးစေ့ရွေးချယ်မှု၊ ရာသီဥတု၊ မြေယာအခြေအနေနှင့် ကိုက်ညီမှုရှိသော အကဲဖြတ်ခြင်းနှင့် မျိုးစေ့ပြန်လည်မျိုးပွားနိုင်စွမ်းကို စမ်းသပ်အတည်ပြုခြင်းတို့တွင် အဓိကအခန်းကဏ္ဍဆောင်ရွက်ပါသည်။ ထိုကဲ့သို့သောလက်တွေ့အတွေ့အကြုံများသည် သိမ်းဆည်းထားသည့် မျိုးစေ့များ၏ အရည်အသွေးနှင့် ယုံကြည်စိတ်ချရမှုကို သေချာစေပြီး ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးစနစ်များအပေါ် ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှုကို အားကောင်းစေပါသည်။

**အမျိုးသမီးများ၏ အခန်းကဏ္ဍ**

အမျိုးသမီးများသည် ရိုးရာဓလေ့အရ မျိုးစေ့ရွေးချယ်ခြင်း၊ ခြောက်သွေ့စေရန်၊ သိမ်းဆည်းရန်နှင့် အိမ်တွင်းစိုက်ပျိုးရေးအတွက် မျိုးစေ့အသုံးပြုခြင်းတို့တွင် အရေးပါသောအခန်းကဏ္ဍတွင် ဆောင်ရွက်နေသည်။ ထို့အပြင် အစားအစာအရသာ၊ အာဟာရတန်ဖိုးနှင့် ချက်ပြုတ်အသုံးချမှုတို့နှင့် ဆက်စပ်သည့် ဒေသခံအသိပညာများကို ထိန်းသိမ်းထားသောကြောင့် မျိုးစေ့အမျိုးအစားရွေးချယ်ရာတွင် အမျိုးသမီးများ၏ပါဝင်မှုသည် အထူးအရေးပါသည်။

## အသက်ကြီးသူများ၏ အခန်းကဏ္ဍ

အသက်ကြီးသူများသည် ဒေသခံမျိုးစေ့များ၏ သမိုင်း၊ မူလအရင်းအမြစ်၊ စိုက်ပျိုးနည်းလမ်းများနှင့် ယဉ်ကျေးမှုဆိုင်ရာအဓိပ္ပါယ်များကို သိရှိထားသူများ ဖြစ်ပါသည်။ ထိုသူများ၏ အသိပညာများကို မှတ်တမ်းတင်ခြင်းနှင့် လူငယ်များထံ လက်ဆင့်ကမ်းပေးခြင်းသည် ဒေသမျိုးစေ့များကို ထိန်းသိမ်းရာတွင် ရေရှည်တည်တံ့မှုကိုအာမခံရန် မဖြစ်မနေလိုအပ်သော အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။

## ၁၀။ ဒေသမျိုးစေ့သိမ်းဆည်းနည်းများ



ကရင်နီဒေသတွင် တွေ့မြင်နေရသေးသည့် ဒေသမျိုးစေ့များ (ဓာတ်ပုံ - KEAN)

ကရင်နီဒေသအတွင်း မျိုးစေ့သိမ်းဆည်းမှုသည် ရိုးရာအသိပညာနှင့် လက်တွေ့ကျသောအခြေခံနည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် မျိုးစေ့များကို ထိန်းသိမ်းရာတွင် အရေးပါသော အခြေခံနည်းလမ်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

## ရိုးရာဓလေ့အရ မျိုးစေ့သိမ်းဆည်းသည့်နည်းလမ်းများ

ကရင်နီဒေသခံလယ်သမားများသည် မျိုးစေ့များကို သဘာဝအခြေအနေအတိုင်း ထိန်းသိမ်းနိုင်ရန် အချိန်အတော်ကြာ အသုံးပြုလာခဲ့သော ရိုးရာနည်းလမ်းများကို လက်တွေ့ကျကျ အသုံးချလာကြပါသည်။ ဒေသမျိုးစိတ်များကို မိရိုးဖလာနည်းအရ ကြပ်ခိုးစင်ပေါ်တွင် ပြောင်းခွံဖြင့် ထိန်းသိမ်းခြင်း၊ နံရံပေါ်ပစ်ကပ်ခြင်း၊ ဝါးလုံးဗူးဖြင့် ထိန်းသိမ်းခြင်း၊ စင်ပေါ်နေပူလှမ်းပြီး ထိန်းသိမ်းခြင်း၊ ဂုနီအိတ်/ပလပ်စတစ်ဘူး/ ပလပ်စတစ်အိတ်တို့ဖြင့် နှစ်စဉ်ဆင့်ကဲထိန်းသိမ်းလာကြပါသည်။ ပိုးမလိုက်ရန် အတွက် မျိုးစေ့နှင့်အတူ ပြာမှုန့်၊ ဆေးရွက်ကြီးအရွက်၊ ထင်းရှူးဆီ စသည့်မိမိတို့နားလည်ကျင့်သုံးမှုအတိုင်း ဒေသမျိုးစေ့များကို ထိန်းသိမ်းသွားကြပါသည်။ ဒေသမျိုးစေ့အဖြစ် ယူသုံးသည့်မျိုးစေ့များကို မရိတ်သိမ်းမည် (သို့) ရိတ်သိမ်းသည့် အချိန်တွင် အသီးအခိုင်လှသော၊ ဝပြောသောအသီးများကို

ရွေးယူပြီး အခြောက်လှမ်းကာ သီးသန့်နေရာတစ်ခုဖြင့် ထိန်းသိမ်းထားရှိသွားကြပါသည်။ ထိုနည်းလမ်းများသည် စရိတ်သက်သာပြီး ဒေသအတွင်းလွယ်ကူစွာ အသုံးပြုနိုင်သည့် အားသာချက်ရှိသည်။

### အခြေခံနည်းပညာများ၏ အသုံးချမှု

ရိုးရာနည်းလမ်းများကို အခြေခံနည်းပညာများဖြင့် ပေါင်းစပ်အသုံးချခြင်းသည် မျိုးစေ့၏အရည်အသွေးနှင့် သိမ်းဆည်းကာလကို ပိုမိုကောင်းမွန်စေသည်။ ဥပမာအားဖြင့် မျိုးစေ့ခြောက်သွေ့မှုအဆင့်ကို ထိန်းချုပ်ရန် နေရောင်မတိုက်ရိုက်သောနေရာတွင် လေဝင်လေထွက်ကောင်းစွာ ခြောက်သွေ့စေရန်၊ လေဝင်မဝင်နိုင်သောအဖုံးပါသည့်ဘူးများကို အသုံးပြုရန်နှင့် သိမ်းဆည်းနေရာ၏ သန့်ရှင်းရေးကို စနစ်တကျ ပြုလုပ်ရန်တို့ဖြစ်ပါသည်။ အခြေခံအညွှန်းတပ်ခြင်း (labeling) နှင့် မှတ်တမ်းတင်ခြင်းများကို ပြုလုပ်ခြင်းအားဖြင့် မျိုးစေ့အမျိုးအစား၊ ရက်စွဲနှင့် မူလအရင်းအမြစ်ကို သိရှိနိုင်စေပါသည်။ သဘာဝမြေဩဇာများအသုံးပြုမှုပုံစံသည် ထိန်းသိမ်းမွေးမြူထားသောတိရိစ္ဆာန်များတို့မှ ရရှိလာသောအညစ်ကြေးများကိုစုစည်းပြီး မိုးမရွာသွန်းမီ အချိန်များတွင် လယ်/ယာအတွင်းသို့ သွားရောက်ဖြန့်ကျဲသွားကြပါသည်။ တစ်ချို့အသုံးပြုမှုသည် စိုက်ပျိုးပြီး အပင်ပေါက်ပြီးချိန်တွင် သွားရောက်ဖြန့်ကျဲပြီး အသုံး ပြုကြပါသည်။

### အရေးပေါ်နှင့် ပဋိပက္ခအခြေအနေများအတွက် ခံနိုင်ရည်ရှိသော သိမ်းဆည်းမှု

ကရင်နီဒေသတွင် ပဋိပက္ခနှင့် ရွှေ့ပြောင်းခံရမှုများကြောင့် မျိုးစေ့ဆုံးရှုံးမှုဖြစ်ပွားနိုင်သည့် အန္တရာယ်ကိုလျော့ချရန် မျိုးစေ့များကို တစ်နေရာတည်းတွင် စုဆောင်းထားရှိခြင်းမျိုးမဟုတ်ပဲ ရပ်ရွာအလိုက်သို့မဟုတ် အိမ်ထောင်စုအလိုက် ခွဲခြားသိမ်းဆည်းခြင်းကို လုပ်ဆောင်လေ့ရှိကြသည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် အရေးပေါ်အခြေအနေများတွင် မျိုးစေ့များကို လျင်မြန်စွာ ပြန်လည်ရယူအသုံးပြုနိုင်ကြသည်။

### ၁၁။ ဒေသမျိုးစေ့ဆိုင်ရာ KEAN နှင့် ရပ်ရွာပူးပေါင်းဆောင်ရွက်မှုများ

ဒေသအတွင်း **စားနပ်ရိက္ခာအချုပ်အခြာအာဏာ** ပြန်လည်အားကောင်းလာရေးအတွက် Kayah Earthrights Action Network – KEAN သည် ဒီးမော့ဆိုအနောက်ဖက်ခြမ်းရှိ ကျေးရွာ (၂၂) ရွာ တွင် ဒေသမျိုးစေ့များထိန်းသိမ်းခြင်း၊ သုတေသနပြုလုပ်ခြင်း၊ အစားအစာထိန်းသိမ်းခြင်း၊ အသိပညာပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းစဉ်များလုပ်ကိုင်နိုင်ရန် ထောက်ပံ့ခြင်း၊ စည်းရုံးလှုပ်ဆော်ခြင်း စသည့်လုပ်ငန်းစဉ်များကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည်။

**စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာများ**

| စဉ် | ကျေးရွာအမည် | မြို့နယ် | လူဦးရေ | | | အိမ်ခြေ စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | ကျ | မ | စုစု ပေါင်း | |
| ၁။ | ထီးလသူးခိုကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၁၀၄ | ၁၁၈ | ၂၂၂ | ၄၆ |
| ၂။ | လွီးကထိကျေးရွာ | ဒီးမော့ဆိုမြို့နယ် | ၂၅၅ | ၂၆၂ | ၅၁၇ | ၁၀၁ |
| ၃။ | ရအန်းခိုကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၉၃ | ၈၇ | ၁၈၀ | ၃၉ |
| ၄။ | ဝါဘန်းဗလို့ကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၄၃၈ | ၃၈၃ | ၈၂၁ | ၁၆၇ |
| ၅။ | ပဆေးလာကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၁၆၂ | ၁၄၉ | ၃၁၁ | ၆၁ |
| ၆။ | ပဒန်းခိုကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၂၇၈ | ၂၄၀ | ၅၁၈ | ၉၆ |
| ၇။ | ဆီမီးဆိုလားကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၇၇ | ၉၈ | ၁၇၅ | ၃၄ |
| ၈။ | ဆီးမီးဆိုဒါးကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၁၂၂ | ၁၂၁ | ၂၄၃ | ၅၁ |
| ၉။ | မြလဲကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၂၁၇ | ၂၂၁ | ၄၃၈ | ၉၁ |
| ၁၀။ | ဆော်လဖဲခိုကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၈၀ | ၈၄ | ၁၆၄ | ၃၃ |
| ၁၁။ | လွိုင်ကော်ဖြန်ကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၁၅၂ | ၁၄၅ | ၂၉၇ | ၅၈ |
| ၁၂။ | လော်ခိုသာကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၉၀ | ၈၄ | ၁၇၄ | ၃၂ |
| ၁၃။ | လော်ပလောခိုကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၂၀ | ၃၀ | ၅၀ | ၁၃ |
| ၁၄။ | ထီးလယ်ကုန်းကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၈၀ | ၇၇ | ၁၅၇ | ၃၂ |
| ၁၅။ | တေးဂေခိုကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၁၇၅ | ၁၈၆ | ၃၆၁ | ၈၁ |
| ၁၆။ | ကွယ်သောဒေါကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၂၀၀ | ၁၈၅ | ၃၈၅ | ၈၂ |
| ၁၇။ | ဝါသောခိုရွာသစ်ကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၂၁၀ | ၁၉၂ | ၄၀၂ | ၈၂ |
| ၁၈။ | ဝါသောခိုရွာဟောင်းကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၉၉ | ၈၅ | ၁၈၄ | ၃၈ |
| ၁၉။ | ထီးဆော်ဒေါ်ရွာသစ်ကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၁၁၉ | ၁၁၂ | ၂၃၁ | ၅၁ |
| ၂၀။ | လားလဲကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၈၈ | ၁၀၅ | ၁၉၃ | ၃၉ |
| ၂၁။ | စီစန်းခိုကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၁၂၈ | ၁၂၁ | ၂၄၉ | ၄၈ |
| ၂၂။ | ထီးဆော်ဒေါ်ရွာဟောင်းကျေးရွာ | လွိုင်ကော်ဖြန်မြို့နယ် | ၁၈ | ၁၄ | ၃၂ | ၇ |
| | စုစုပေါင်း | | ၃၂၀၅ | ၃၀၉၉ | ၆၃၀၄ | ၁၂၈၂ |

**Kayah Earthrights Action Network-KEAN** သည် ကရင်နီပြည်နယ်အတွင်းရှိ ဒေသခံရပ်ရွာများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက် ကရင်နီဌာနေတိုင်းရင်းသားများ၏ **မြေယာ၊ သဘာဝအရင်း**

**အမြစ်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးများ**ကို ကာကွယ်မြှင့်တင်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိပါသည်။ ဤပူးပေါင်းလုပ်ဆောင်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် KEAN သည် **ပညာရေးပေးခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် ပစ်မှတ်ထားသောရပ်ရွာများကို အခြေခံအထောက်အပံ့များ ပံ့ပိုးပေးခြင်း** တို့မှတစ်ဆင့် **စားနပ်ရိက္ခာအချုပ်အခြာအာဏာ** ကိုလည်း အားကောင်းစွာ မြှင့်တင်လျက်ရှိပါသည်။

၎င်းလုပ်ငန်းများတွင် လက်ရှိစားနပ်ရိက္ခာအချုပ်အခြာအာဏာအခြေအနေကို သုတေသနပြုလေ့လာခြင်း၊ ရပ်ရွာများရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဖော်ထုတ်ခြင်း၊ ရိုးရာဒေသခံမျိုးစေ့များကို ကာကွယ်ထိန်းသိမ်းရန် ရပ်ရွာအခြေပြုမျိုးစေ့ဘဏ်များကို ပံ့ပိုးပေးခြင်း နှင့် ရပ်ရွာအတွင်း စားနပ်ရိက္ခာစနစ်ကို ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းမြှင့်တင်ရန် အစားအစာစီမံခန့်ခွဲမှုစနစ်များကို ဖော်ဆောင်တည်ဆောက်ခြင်းတို့ ပါဝင်ပါသည်။

ဤလုပ်ဆောင်မှုများ၏ ရလဒ်အနေဖြင့် ပစ်မှတ်ထားသော ရပ်ရွာများအတွင်း စားနပ်ရိက္ခာအချုပ်အခြာအာဏာ၏ မူလအယူအဆနှင့် အရေးပါမှုအပေါ် အသိပညာများ ကျယ်ပြန့်စွာ ပျံ့နှံ့သွားခဲ့ပါသည်။ ထိုအသိပညာတိုးတက်လာမှုကြောင့် လူတစ်ဦးချင်းစီသည် ၎င်းတို့၏ မူလဒေသခံမျိုးစေ့များကို သိမ်းဆည်းခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်လာနိုင်ခဲ့ပြီး ယခုနှစ်အတွင်း ရိုးရာဓလေ့အရ အရေးပါပြီး ပျောက်ကွယ်လုနီးပါးဖြစ်သည့် သီးနှံအမျိုးအစားများကို ပြန်လည်စိုက်ပျိုးနိုင်ရန် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ရပ်ရွာအဆင့်တွင်လည်း ရပ်ရွာအဖွဲ့ဝင်များသည် ဒေသခံမျိုးစေ့ဘဏ်များကို တည်ထောင်ကာ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ စုပေါင်းအနေဖြင့်သော်လည်းကောင်း မျိုးစေ့များကို စနစ်တကျ သိမ်းဆည်းထိန်းသိမ်းလာကြသည်။ ထို့အပြင် မြို့နယ်အဆင့်အထိ ဝန်ဆောင်မှုပေးနိုင်မည့် ဒေသခံမျိုးစေ့ဘဏ်တစ်ခုကို ဖန်တီးတည်ဆောက်ထားရှိပြီး ယင်းလုပ်ဆောင်မှုများသည် ဌာနေတိုင်းရင်းသားရပ်ရွာများအတွင်း စားနပ်ရိက္ခာအချုပ်အခြာအာဏာကို ရေရှည်တည်တံ့စွာ မြှင့်တင်ပေးမည် ဖြစ်သည်။



ကရင်နီဒေသတွင်တည်ဆောက်ထားသောဒေသမျိုးစေ့ရုံ့အိမ် (ဓာတ်ပုံ - KEAN)

ကရင်နီပြည်နယ်ရှိ ဌာနေတိုင်းရင်းသားများ၏ စိုက်ပျိုးရေးဂေဟစနစ်ဆိုင်ရာ အလေ့အကျင့်များကို မြှင့်တင်ရန်ရည်ရွယ်သည့် လုပ်ဆောင်မှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဤစီမံကိန်းသည် ကရင်နီ ဌာနေတိုင်းရင်းသားများ၏ အစားအစာအချုပ်အခြာအာဏာအခြေအနေကို သုတေသနပြုလုပ်ခဲ့သည်။ ဤသုတေသနသည် ကရင်နီပြည်၊ မြို့နယ်နှစ်ခုအတွင်းရှိ ပစ်မှတ်ထားသော ကျေးရွာ (၂၂) ရွာ၏ ဒေသမျိုးစေ့များနှင့်ပတ်သက်၍ လက်ရှိအခြေအနေကို ကွင်းဆင်းစစ်ဆေးလေ့လာရာတွင် **ဒေသထွက်မျိုးစေ့များအကြောင်း အတွေ့အချက်အလက်များ၊ ပြင်ပမှကျူးကျော်ဝင်ရောက်လာသော မျိုးစေ့များ၏သက်ရောက်မှုများ၊ စားနပ်ရိက္ခာအချုပ်အခြာအာဏာဆိုင်ရာစိန်ခေါ်မှုများအပေါ် ဒေသခံရပ်ရွာလူထုများ၏တုံ့ပြန်မှုများ** စသည့်အကြောင်း အရာသုံးခုအပေါ် အခြေခံလေ့လာခဲ့သည်။

## ဒေသထွက်မျိုးစေ့များအကြောင်း အတွေ့အချက်အလက်များ



KEAN စီမံကိန်းကျေးရွာများတွင် တွေ့ရသောပဲမျိုးစေ့များ (ဓာတ်ပုံ - KEAN)

ပစ်မှတ်ထားလေ့လာသည့် ကျေးရွာများတွင် အလှည့်ကျသီးနှံများနှင့် ရာသီအလိုက်သီးနှံများနှစ်မျိုးလုံးအတွက် ဒေသထွက်မျိုးစေ့အမျိုးမျိုးကို ထိန်းသိမ်းထားရှိပြီး ယနေ့တိုင်အောင် ဆက်လက်အသုံးပြုလျက်ရှိကြပါသည်။ ဤရပ်ရွာများတွင် အသုံးပြုနေသော ဒေသထွက်မျိုးစေ့များတွင် စပါး၊ မြေပဲ၊ ပြောင်း၊ ငရုတ်သီး၊ ရွှေဖရုံသီး စသည့်အဓိကသီးနှံများအပါအဝင် မျိုးကွဲပေါင်းတစ်ရာကျော်ရှိပြီး၊

၎င်းတို့သည် ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်း၊ ဝင်ငွေရင်းမြစ်များနှင့် တိုက်ရိုက် ဆက်နွယ်လျက်ရှိပါသည်။

ဤဒေသထွက်မျိုးစေ့များသည် ဒေသခံမြေဆီလွှာနှင့် ကောင်းစွာကိုက်ညီမှုရှိခြင်း၊ ရာသီဥတုပြောင်းလဲမှုများကို လိုက်လျောညီထွေခံနိုင်ရည်ရှိခြင်းအပြင် ပတ်ဝန်းကျင်အခြေအနေများနှင့် ကိုက်ညီစွာ အသုံးပြုနိုင်သည့် အားသာချက်များရှိသည်။ ထို့ကြောင့် ရပ်ရွာအတွင်းရှိ အိမ်ထောင်စုအများစုသည် စီးပွားရေးအကျိုးအမြတ်ရရှိရန်ထက် ဘေးကင်းပြီး အာဟာရပြည့်ဝသော အစားအစာရရှိရေးကို ဦးစားပေးကာ ဤဒေသထွက်မျိုးစေ့များကို ဆက်လက်စိုက်ပျိုးအသုံးပြုလျက်ရှိကြပါသည်။

သို့ရာတွင် ဒေသထွက်မျိုးစေ့များကို ထိန်းသိမ်းခြင်းနှင့်ပတ်သက်သည့် စိန်ခေါ်မှုများလည်း ရှိနေပါသည်။ အထူးသဖြင့် ပြင်ပမျိုးစေ့များ၏ ကျူးကျော်ဝင်ရောက်လာမှုများသည် ဒေသထွက်မျိုးစေ့များ၏ အသုံးပြုမှုကို လျော့နည်းစေပါသည်။ ထို့အပြင် အစားအစာအချုပ်အခြာအာဏာကို မြှင့်တင်ရန်နှင့်ဒေသထွက်မျိုးစေ့များကို စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့်နည်းပညာနှင့် ကျွမ်း ကျင်မှုဆိုင်ရာအသိပညာများမှာ အကန့်အသတ်ရှိနေဆဲဖြစ်ပါသည်။ အစိုးရအနေဖြင့် ဒေသထွက် မျိုးစေ့များကို မြှင့်တင်ပံ့ပိုးခြင်းနှင့် ဒေသထွက်သီးနှံများအတွက် ဘေးကင်းပြီး ရေရှည်တည်တံ့သော ဈေးကွက်စနစ်တစ်ခုဖော်ဆောင်ပေးရန် ခေတ်အဆက်ဆက်လျစ်လျူရှုမှုများရှိနေခြင်းသည် အစားအစာအချုပ်အခြာအာဏာကို ပိုမိုထိခိုက်စေပါသည်။

သုတေသနတွေ့ရှိချက်များအရ ဒေသခံရပ်ရွာများသည် ဆယ်စုနှစ်များစွာကတည်းက အသုံးပြုလာခဲ့သော ဆန်မျိုးစေ့အမျိုးအစားများကို (တချို့ရပ်ရွာများတွင် မျိုးကွဲ လေးမျိုးအထိ) ထိန်းသိမ်းအသုံးပြုခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့သော် ဆန်စပါးမျိုးကွဲအသစ်များ မိတ်ဆက်လာခြင်းနှင့် ငွေကြေးအကျိုးအမြတ်ရရှိနိုင်မည့် အခွင့်အလမ်းများ၏ဆွဲဆောင်မှုကြောင့် ယခင်က အသုံးပြုလာခဲ့သော ဒေသထွက်ဆန်မျိုးကွဲအချို့၏အသုံးပြုမှုများ လျော့နည်းလာလျက်ရှိပါသည်။ ဤကဲ့သို့သော အခြေအနေများသည် အစားအစာအချုပ်အခြာအာဏာရှုထောင့်မှ ကြည့်လျှင် ဒေသထွက်မျိုးစေ့များ၏ ရေရှည်တည်တံ့မှုကို ပြင်းထန်စွာ ခြိမ်းခြောက်နေပါသည်။

လက်ရှိတွင် ဆန်စပါးအမျိုးမျိုးနှင့် အခြားအဓိကသီးနှံများအတွက် ပြင်ပမျိုးစေ့များ ရပ်ရွာအတွင်းသို့ ဝင်ရောက်လာနေသော်လည်း ဒေသခံလူထုအနေဖြင့် ၎င်းတို့၏ဒေသထွက်မျိုးစေ့များကို ဆက်လက်အားထားအသုံးပြုကာ ထိန်းသိမ်းထားရှိနေဆဲဖြစ်ပါသည်။ သို့သော် အထူးသဖြင့် ဒေသထွက်စပါးမျိုးကွဲအချို့မှာ စိန်ခေါ်မှုများကို ပြင်းထန်စွာ ရင်ဆိုင်နေရပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးအခြေအနေသို့ ရောက်ရှိလာနေပြီ ဖြစ်သည်။

## ပြင်ပမျိုးစေ့များ ကျူးကျော်ဝင်ရောက်မှု အခြေအနေ



ကရင်နီပြည် ဒီးမော့ဆိုအနောက်ဖက်ခြမ်းတွင် တွေ့ရသောပြင်ပသွင်းအားစုများ (ဓာတ်ပုံ - KEAN)

လက်ရှိအခြေအနေတွင် နိုင်ငံခြားမျိုးစေ့မျိုးကွဲများ ဝင်ရောက်လာမှုသည် ကျွန်ုပ်တို့၏ကရင်နီအသိုင်းအဝိုင်းများအပေါ် သိသာထင်ရှားသောသက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ အထူးသဖြင့် နိုင်ငံအတွင်း အာဏာမသိမ်းမီကာလတွင် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ၏ လှုံ့ဆော်မှုများကြောင့် ပြင်ပမျိုးစေ့များ၏ အသုံးပြုမှုမှာ ပိုမိုကျယ်ပြန့်လာခဲ့ပါသည်။ ထိုကာလနောက်ပိုင်းတွင်လည်း နိုင်ငံရေးမတည်ငြိမ်မှုများနှင့် အရေးပေါ်အခြေအနေများကြောင့် ဒေသခံအသိုင်းအဝိုင်းများသည် ရေတိုအကျိုးအမြတ်ရရှိနိုင်ရေးကို ဦးစားပေးကာ ပြင်ပမျိုးစေ့များကို ပိုမိုလက်ခံအသုံးပြုလာကြပါသည်။

ဤကဲ့သို့သော ပြင်ပမျိုးစေ့များအပေါ် မှီခိုအားထားလာရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိသားစုဝင်ငွေပြဿနာများကို ဖြေရှင်းရန်နှင့် စားနပ်ရိက္ခာဖူလုံရေးကို အတိုင်းအတာတစ်ရပ်အထိ အာမခံနိုင်ရန် ဖြစ်ပါသည်။ လက်ရှိတွင် KEAN မှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာများတွင် ပြင်ပမှဝင်ရောက်လာသည့် ဆန်စပါးမျိုးစေ့အမျိုးအစား ခုနစ်မျိုးမှ ဆယ်မျိုးခန့်အထိ အသုံးပြုလာကြပြီး၊ ယခင်အခြေအနေများနှင့် နှိုင်းယှဉ်လျှင် သိသာထင်ရှားစွာ ပြောင်းလဲလာပါသည်။

အခြားသော ပြင်ပမျိုးစေ့အမျိုးအစားများတွင်လည်း အလားတူအခြေအနေများကို တွေ့ရှိရပါသည်။ ထို့အပြင် ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း KEAN မှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အသိုင်းအဝိုင်းများ၏ သုံးပုံနှစ်ပုံခန့်မှာ ၎င်းတို့၏ ရွာများနှင့် နေအိမ်များမှ ရွှေ့ပြောင်း

ထွက်ခွာခဲ့ရခြင်းသည် ဒေသထွက်မျိုးစေ့စနစ်များကို ထိန်းသိမ်းရာတွင် ပိုမိုအားနည်းစေခဲ့ပါသည်။ ရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေများအတွင်း ဒေသထွက်မျိုးစေ့များ ရှားပါးလာခြင်းကြောင့် စားနပ်ရိက္ခာဖူလုံရေးနှင့် မိသားစုဝင်ငွေရရှိရေးအတွက် ပြင်ပမျိုးစေ့များနှင့် ငွေသီးနှံများကို အစားထိုးအသုံးပြုလာရပါသည်။

ပြင်ပမျိုးစေ့များသည် မျိုးစပ်မျိုးစေ့အေးဂျင့်များ (hybrid seed agents)၊ လုပ်ငန်းတူအုပ်စုများ၏ ဖြန့်ဖြူးမှုများ (peer group distributions)၊ အစိုးရ၏ လှုံ့ဆော်ရေးအစီအစဉ်များ နှင့် စားနပ်ရိက္ခာဖူလုံရေးကို မြှင့်တင်ရန် ရည်ရွယ်သည့် အရပ်ဘက်လူ့အဖွဲ့အစည်းအချို့ (CSOs) ၏ ပံ့ပိုးမှုများမှတစ်ဆင့် ကရင်နီပြည်နယ်၏ လူမှုအသိုင်းအဝိုင်းအတွင်းသို့ ဝင်ရောက်လာခဲ့ပါသည်။ ထိုကဲ့သို့သော ပြင်ပမျိုးစေ့များကို လက်ခံအသုံးပြုလာခြင်းနှင့်အတူ ဓာတုဓာတ်မြေသြဇာနှင့် ဓာတုပိုးသတ်ဆေး အသုံးပြုမှုများလည်း တပြိုင်နက် မြင့်တက်လာခဲ့ပါသည်။




ကရင်နီပြည်တွင် အသုံးများသည့်ပြင်ပပြောင်းမျိုးစေ့များ (ဓာတ်ပုံ - KEAN)

လက်ရှိအချိန်တွင် ဒေသခံလူမှုအသိုင်းအဝိုင်းများသည် စိုက်ပျိုးရန် ရွေးချယ်ထားသော မျိုးစပ်မျိုးစေ့များအပေါ် မူတည်၍ ဓာတ်မြေသြဇာအမျိုးအစား ဆယ်မျိုးကျော်နှင့် ဓာတုပိုးသတ်ဆေးများကို အသုံးပြုလာကြရပြီး ၎င်းသည် စိုက်ပျိုးရေးကုန်ကျစရိတ်များ တိုးမြင့်လာခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်မြေဆီလွှာအရည်အသွေးများ ထိခိုက်လာခြင်းအပြင် လယ်သမားများ၏ ပြင်ပအရင်းအမြစ်များအပေါ် မှီခိုမှုကို ပိုမိုမြင့်တက်စေပါသည်။

## ပြင်ပမျိုးစေ့များ ဝင်ရောက်လာမှုနှင့် ၎င်း၏ အကျိုးဆက်များ

ကရင်နီပြည်နယ်ရှိ ကျေးရွာများအတွင်းသို့ ပြင်ပမျိုးစေ့များသည် တဖြည်းဖြည်း မရှိမဖြစ် ဝင်ရောက်လာလျက်ရှိပြီး အထူးသဖြင့် စပါးမျိုးစိတ် (၁-၇ မျိုး) နှင့် ပြောင်းမျိုး (၁-၄ မျိုး) တို့မှာ အများဆုံးဖြစ်သည်။ အခြားသော သီးနှံမျိုးစုံများလည်း ဝင်ရောက်လာသော်လည်း လက်ရှိအချိန်အထိ ဒေသထွက်မျိုးစေ့များကို စိုက်ပျိုးအသုံးပြုမှုမှာ ၇၀% ကျော်ဖြင့် အားကောင်းနေဆဲဖြစ်သည်။

သို့ရာတွင် ပြင်ပမျိုးစေ့များနှင့်အတူ ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများနှင့် ပေါင်းသတ်ဆေးများပါ တစ်ပါတည်းဝင်ရောက်လာကာ ပြင်ပမျိုးစိတ်ကုမ္ပဏီများနှင့် အရောင်းဆိုင်များကို ကျေးရွာအနီးလူစည်ကားရာ လမ်းဆုံလမ်းခွများတွင် အလွယ်တကူ တွေ့မြင်ရသည်။ အထွက်နှုန်းကောင်းခြင်း၊ ဈေးကွက်ဝင်ခြင်း၊ ဒေသမရွေးစိုက်ပျိုးနိုင်ခြင်း စသည့်အားသာချက်များကြောင့် ပြင်ပမျိုးစေ့များသည် စိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် အလွန်ဆွဲဆောင်မှုရှိလာသည်။

ထို့အပြင် တောင်သူများအချင်းချင်းအကြား ပြင်ပမျိုးစေ့များနှင့် ဓာတ်မြေသြဇာများ၏ ကောင်းကျိုးများကို နည်းစနစ်ကျကျ မသိရှိသော်လည်း အလျင်အမြန် ပြန့်နှံ့စွာပြောဆိုမှုဝေကြခြင်းကြောင့် ပြင်ပမျိုးစေ့ အသုံးပြုမှု ပိုမိုကျယ်ပြန့်လာသည်။ ယင်းအခြေအနေကြောင့် ဒေသမျိုးစေ့များ၏ အခန်းကဏ္ဍမှာ တဖြည်းဖြည်း လျော့နည်းလာလျက်ရှိသည်။

အချိန်ကြာမြင့်စွာ ပြင်ပမျိုးစိတ်များကို အသုံးပြုလာပြီးနောက်တွင် အထွက်နှုန်းကောင်းသော်လည်း ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများကို ပိုမိုများပြားစွာ သုံးစွဲရလာရခြင်း၊ မျိုးစေ့များကို နှစ်စဉ်ဝယ်ယူရခြင်းတို့ကြောင့် ထည့်ဝင်ကုန်ကျစရိတ်များတိုးလာကာ ဝင်ငွေနှင့် ထွက်ငွေ မမျှတသည့် အခြေအနေများကို စတင်တွေ့မြင်လာရသည်။

ထိုအပြင် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကို စနစ်တကျ အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်း မရှိသဖြင့် လူထု၏ကျန်းမာရေး ထိခိုက်လာခြင်း၊ တိရစ္ဆာန်များသေဆုံးမှုများလာခြင်း၊ ရေနေသတ္တဝါများရှားပါးလာခြင်းနှင့် သောက်သုံးရေအရင်းအမြစ်များ ပျက်စီးလာခြင်းတို့ကဲ့သို့သော လူမှု၊ ပတ်ဝန်း ကျင်ဆိုင်ရာဆိုးကျိုးများကို ထင်ရှားစွာ တွေ့မြင်လာရသည်။

## စားနပ်ရိက္ခာအချုပ်အခြာအာဏာဆိုင်ရာ စိန်ခေါ်မှုများအပေါ် ဒေသခံရပ်ရွာလူထုများ၏ တုံ့ပြန်မှုများ

ဒေသခံရပ်ရွာလူထုများတွင် စားနပ်ရိက္ခာအချုပ်အခြာအာဏာဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် စနစ်တကျရေးဆွဲထားသော မဟာဗျူဟာများမရှိသေးသော်လည်း ၎င်းတို့သည် ဘိုးဘွားများထံမှ လက်ဆင့်ကမ်းလာသော အလေ့အကျင့်များအပေါ် အခြေခံ၍ ဒေသခံမျိုးစေ့များကို ဆက်လက်ထိန်းသိမ်းလာခဲ့ကြပါသည်။ ဤရိုးရာအလေ့အကျင့်များသည် အခက်အခဲများကြားတွင်ပင် ဒေသမျိုးစေ့စနစ်များကို ဆက်လက်ရှင်သန်စေခဲ့သည့် အရေးပါသော အခြေခံအင်အားတစ်ရပ် ဖြစ်ပါသည်။

သို့ရာတွင် လက်ရှိနှင့်အနာဂတ်စိန်ခေါ်မှုများကို ပိုမိုထိရောက်စွာတုံ့ပြန်နိုင်ရန်အတွက် ဒေသခံရပ်ရွာလူထုများအတွက် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များကို စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ထိုအစီအစဉ်များတွင် ဒေသခံမျိုးစေ့များကို ကာကွယ်ထိန်းသိမ်းရန် သီးခြား

အစီအစဉ်များဖန်တီးခြင်း နှင့် ရပ်ရွာလူထု၏ တက်ကြွသောပါဝင်မှုကို သေချာစေရန် အစီအမံများ ထည့်သွင်းခြင်းတို့ ပါဝင်သင့်ပါသည်။

ထို့အပြင် ကြားကာလအစိုးရအနေဖြင့် စားနပ်ရိက္ခာအချုပ်အခြာအာဏာနှင့် ပတ်သက်၍ ဒေသခံ ရပ်ရွာလူထုများ၏ ခံနိုင်ရည်ရှိမှုကို အားပေးပံ့ပိုးနိုင်သော မူဝါဒများနှင့် မဟာဗျူဟာများကို ရေးဆွဲ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ စားနပ်ရိက္ခာလုံခြုံရေးကိုသာ အခြေခံစဉ်းစားမှုထက် ကျော်လွန်သော ဒေသဆိုင်ရာမျိုးစေ့များမြှင့်တင်ကာကွယ်ခြင်းကို အဓိကထားဆောင်ရွက်ရန် အရေးကြီးပါသည်။


တစ်ချိန်တည်းမှာပင် စားနပ်ရိက္ခာအချုပ်အခြာအာဏာကို မြှင့်တင်ရန် လိုအပ်သော သတင်းအချက် အလက်များ၊ နည်းပညာများနှင့် အခြားအရင်းအမြစ်များကို ဒေသခံရပ်ရွာလူထုများ လွယ်ကူစွာရယူ အသုံးပြုနိုင်ရန် အခွင့်အလမ်းများ မပြစ်မနေဖန်တီးပေးရန် လိုအပ်ပါသည်။ ထို့အပြင် ဒေသခံမျိုးစေ့ များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများနှင့် ဘေးကင်းပြီး တရားမျှတသောဈေးကွက်များ ဖော်ဆောင်ရန်လည်း လိုအပ်လျက်ရှိပါသည်။

**၁၂။ ဒေသမျိုးရင်းများနှင့် ပြင်ပမျိုးစေ့များ၏ အဓိကကွာခြားချက်များ**


| စဉ် | အကြောင်းအရာ | ဒေသမျိုးရင်းများ | ပြင်ပမျိုစေ့များ |
|---|---|---|---|
| ၁။ | မူလအရင်းအမြစ် | မျိုးဆက်များစွာကာလအတွင်း ဒေသခံများက ကိုယ်တိုင် ရွေးချယ်၊ ထိန်းသိမ်းလာသော မျိုးစေ့များ ဖြစ်ခြင်း။ | ပြင်ပကုမ္ပဏီများ၊ စီးပွား ရေး အခြေခံစနစ်များမှ ထုတ်လုပ်ဝင်ရောက်လာ သောမျိုးစေ့များဖြစ်ခြင်း။ |
| ၂။ | ဒေသနှင့် ကိုက်ညီမှု | ဒေသရာသီဥတု၊ မြေဩဇာ၊ ရေထိန်းသိမ်းနိုင်မှုနှင့် သဘာဝပတ်ဝန်းကျင်ကို ကောင်းစွာ ကိုက်ညီမှုရှိခြင်း။ | အချို့ဒေသများတွင်သာ ကောင်းမွန်ပြီး ဓာတ်မြေ ဩဇာ၊ ဆေးဝါးများ မဖြစ်မနေ လိုအပ်ခြင်း။ |
| ၃။ | စိုက်ပျိုးကုန်ကျစရိတ် | မျိုးစေ့ကို ကိုယ်တိုင် သိမ်းဆည်းပြန်သုံးနိုင်၍ ကုန်ကျစရိတ်နည်းခြင်း။ | နှစ်စဉ် မျိုးစေ့ဝယ်ရပြီး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကြောင့် ကုန်ကျစရိတ်မြင့်မားခြင်း။ |
| ၄။ | အထွက်နှုန်းနှင့် ရေရှည်တည်တံ့မှု | အထွက်နှုန်း မမြင့်မားနိုင် သော်လည်း ရေရှည်တည်တံ့ပြီး တည်ငြိမ်မှုရှိခြင်း။ | ကာလတိုအတွင်း အထွက်မြင့်သော်လည်း ရေရှည်တွင် မြေယာ ပျက်စီးမှု ဖြစ်စေခြင်း။ |

| | | | |
|---|---|---|---|
| ၅။ | ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သက်ရောက်မှု | ဆေးဝါးအသုံးပြုမှုနည်းပြီး လူနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းခြင်း။ | ဆေးဝါးများ များပြားစွာ သုံးစွဲရခြင်းကြောင့် လူ၊ တိရစ္ဆာန်၊ ရေအရင်းအမြစ်များကို ထိခိုက်စေခြင်း။ |
| ၆။ | အချုပ်အခြာအာဏာနှင့် ထိန်းချုပ်နိုင်မှု | ရပ်ရွာလူထုကိုယ်တိုင် ထိန်းချုပ်နိုင်ပြီး စားနပ်ရိက္ခာအချုပ်အခြာအာဏာကို အားပေးခြင်း။ | ကုမ္ပဏီများအပေါ် မှီတည်ရမှု မြင့်မားပြီး ဒေသခံများ၏ ထိန်းချုပ်နိုင်မှု လျော့နည်းစေခြင်း။ |

**၁၃။ ကျေးရွာအလိုက် ဒေသမျိုးစေ့တည်ရှိမှုအခြေအနေများ**



## လွိုင်ကော်နန်းဖမြို့နယ်အတွင်းရှိ ဒေသမျိုးစေ့ မှတ်တမ်းတင်ကောက်ယူထားသော ကျေးရွာများပြမြေပုံ





KEAN စီမံကိန်းကျေးရွာများတွင် တွေ့ရသောအဓိကဒေသမျိုးစေ့များ (ဓာတ်ပုံ - (KEAN)

## ၁၄။ စစ်ရေးအခြေအနေနှင့် အရေးပေါ်အခြေအနေများတွင် ရပ်ရွာအခြေပြုမျိုးစေ့ဘဏ်

ကရင်နီဒေသတွင် ဆက်လက်ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခနှင့် အရေးပေါ်အခြေအနေများသည် အစားအစာ ထုတ်လုပ်ရေးစနစ်များ၊ လယ်ယာလုပ်ငန်းများနှင့် ဒေသခံမျိုးစေ့စနစ်များကို ပြင်းထန်စွာ ထိခိုက်စေပါသည်။ ဤအခြေအနေအောက်တွင် မျိုးစေ့ဘဏ်များသည် လူသားချင်းစာနာမှု ဆိုင်ရာ တုံ့ပြန်ရေး (humanitarian response) နှင့် ရေရှည်ဖွံ့ဖြိုးရေး (development) ကြား ဆက်သွယ်ပေးနိုင်သော အရေးပါသည့် resilience mechanism တစ်ရပ်အဖြစ်တည်ရှိပါသည်။

### အရေးပေါ်အခြေအနေများအတွင်း လူသားချင်းစာနာမှုအခန်းကဏ္ဍ (Humanitarian Role of Community Seed Banks)

စစ်ရေးပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များနှင့် အရေးပေါ်ရွှေ့ပြောင်းခံရမှုအခြေအနေများ အတွင်း ဒေသခံမျိုးစေ့ဘဏ်များသည် လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်ရေးလုပ်ငန်းများတွင် အဓိကအခန်း၌ တည်ရှိနေသည်။ အရေးပေါ်အခြေအနေများဖြစ်ပေါ်လာသောအခါ ဒေသမျိုးစေ့ဘဏ်များသည် လယ်သမားများနှင့် ရပ်ရွာများအား ဒေသနှင့်ကိုက်ညီသော မျိုးစေ့များကို လုံခြုံစိတ်ချစွာ ရရှိနိုင်စေပြီး အခြေအနေတည်ငြိမ်လာသည်နှင့် လျင်မြန်စွာပြန်လည်စိုက်ပျိုးနိုင်ရန် အခြေခံ

အရင်းအမြစ်ကို ပံ့ပိုးပေးပါသည်။ ဤလုပ်ဆောင်မှုကြောင့် ပြင်ပမျိုးစေ့အကူအညီများအပေါ် အလွန်အမင်းမှီခိုရမှုကို လျော့နည်းစေပြီး အရေးပေါ်အခြေအနေများအတွင်း ရပ်ရွာလူထု၏ ကိုယ်တိုင်တုံ့ပြန်နိုင်စွမ်း (local self-reliance) ကို မြှင့်တင်ပေးပါသည်။ ထို့အပြင် ဒေသမျိုးစေ့ဘဏ်များသည် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ (humanitarian assistance) နှင့် ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများ (long-term development) ကြားရှိ အကွာအဝေးကို ချိတ်ဆက်ပေးနိုင်သော အရေးပါသည့် resilience mechanism တစ်ရပ် အဖြစ် တည်ရှိနေပါသည်။

**ခံနိုင်ရည် တည်ဆောက်ရေး (Resilience Building)**

ဒေသမျိုးစေ့ဘဏ်များသည် မျိုးစေ့အမျိုးအစားများကို စနစ်တကျစုဆောင်းခြင်း၊ ခွဲခြားသိမ်းဆည်းခြင်းနှင့် မျိုးစေ့မျိုးစုံထားရှိခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုများ၊ စစ်ရေးပဋိပက္ခများနှင့် အရေးပေါ်အခြေအနေများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များအပေါ် ရပ်ရွာလူထုများ၏ ခံနိုင်ရည် (community resilience) ကို တိုးမြှင့်ပေးပါသည်။ အထူးသဖြင့် ဒေသခံမျိုးစေ့များသည် ဒေသခံမြေဆီလွှာနှင့် ရာသီဥတုအခြေအနေများနှင့် ကိုက်ညီမှုမြင့်မားခြင်း၊ ထည့်သွင်းရင်းနှီးမြှုပ်နှံရမှုနည်းပါးခြင်း၊ မတည်ငြိမ်သောအခြေအနေများအတွင်းတွင်ပင် စိုက်ပျိုးနိုင်စွမ်းရှိခြင်းတို့ကြောင့် အရေးပေါ်အခြေအနေများတွင် အလွန်အရေးပါသော အရင်းအမြစ်တစ်ရပ် ဖြစ်သည်။ ဒေသမျိုးစေ့ဘဏ်များမှတဆင့် မျိုးစေ့ဆုံးရှုံးနိုင်ခြေကို လျော့နည်းစေပြီး ရပ်ရွာအလိုက်၊ အိမ်ထောင်စုအလိုက် ပြန်လည်ဖြန့်ဝေသိမ်းဆည်းနိုင်မှုကို မြှင့်တင်ကာ စိုက်ပျိုးရေးစနစ် ပြန်လည်ထူထောင်နိုင်စွမ်းကို ခိုင်မာစေပါသည်။ ထို့ကြောင့် ဒေသမျိုးစေ့ဘဏ်များသည် အစားအစာလုံခြုံရေး၊ အစားအစာအချုပ်အခြာအာဏာနှင့် ရပ်ရွာခံနိုင်ရည်တည်ဆောက်ရေးတို့ကို တစ်ပြိုင်နက်တည်း ထောက်ပံ့ပေးနိုင်သော အရေးပါသည့် ခံနိုင်ရည်ရှိသောယန္တရား (resilience mechanism) တစ်ရပ်အဖြစ် တည်ရှိနေပါသည်။






အခြေအနေအမျိုးမျိုးကြားမှ ကြံ့ကြံ့ခံကျန်ရှိနေသေးသည့်မျိုးစေ့အချို့ (ဓာတ်ပုံ - (KEAN)

**ရပ်ရွာအခြေပြု မျိုးစေ့ဘဏ်များ၏ အခန်းကဏ္ဍ**

လက်နက်ကိုင်ပဋိပက္ခများနှင့်အတူ နိုင်ငံရေးအခြေအနေမတည်ငြိမ်သည့် အခြေအနေအောက်တွင် ရပ်ရွာအခြေပြုမျိုးစေ့ဘဏ်များသည် အလွန်အရေးကြီးသောအခန်းကဏ္ဍတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ထိုမျိုးစေ့ဘဏ်များသည် ဒေသနှင့်လိုက်လျောညီထွေဖြစ်သော မျိုးစေ့မျိုးကွဲများကို ကာကွယ်ထိန်းသိမ်းပေးနိုင်သည့်အပြင် ပဋိပက္ခဒဏ်ခံရ၍ ရွှေ့ပြောင်းခံရသောရပ်ရွာများအတွက် အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကို အရေးပါသည့် အထောက်အပံ့များ ပေးစွမ်းစေပါသည်။

ထို့အပြင် ရပ်ရွာအခြေပြုမျိုးစေ့ဘဏ်များသည် ပြင်ပမျိုးစေ့များထည့်သွင်းအသုံးပြုရမှုအပေါ် မှီခိုမှုကို လျှော့ချနိုင်စေပြီး ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးစနစ်များကို ပိုမိုတည်တံ့ခိုင်မြဲစေရန် အထောက်အကူပြုပါသည်။ အစားအစာနှင့် မျိုးစေ့အချုပ်အခြာအာဏာ၏အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် ရပ်ရွာအလိုက် မျိုးစေ့များကို ၎င်းတို့ကိုယ်တိုင်စီမံခန့်ခွဲထိန်းသိမ်းနိုင်စွမ်းကို အားကောင်းစေခြင်းသည် ရေရှည်တွင် ဒေသခံပြည်သူများကိုင်တိုင် ၎င်းတို့၏အစားအစာစနစ်အပေါ် ဆုံးဖြတ်ခွင့်နှင့် တည်တံ့ခိုင်မြဲမှုကို မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။

**၁၅။ ကရင်နီပြည် ဒေသမျိုးစေ့ ခိုင်မာအားကောင်းရေးအတွက် အကြံပြုချက်များ**

(က) ဒေသခံတောင်သူများနှင့် ရပ်ရွာများ

- စစ်ရေးနိုင်ငံရေးအခက်အခဲများကြားတွင် ဒေသမျိုးစေ့များ စိုက်ပျိုးသည့်အလေ့အထများကို ဆက်လက်လုပ်ဆောင်ရန်၊
- မျိုးစေ့များကို တစ်နေရာတည်းတွင် မစုထားဘဲ အိမ်ထောင်စုအလိုက်နှင့် ရပ်ရွာအလိုက် ခွဲခြားသိမ်းဆည်းခြင်းဖြင့် မျိုးစေ့ပျောက်ကွယ်မှုအန္တရာယ်လျှော့ချရန်၊
- အရေးပေါ်အခြေအနေများအတွက် အရံမျိုးစေ့များ (emergency seed reserve) ကို ကြိုတင်ထားရှိရန်၊
- အမျိုးသမီးများနှင့် အသက်ကြီးသူများ၏ ရိုးရာအသိပညာကို မျိုးစေ့စနစ်၏အဓိက အစိတ်အပိုင်းအဖြစ် အသိအမှတ်ပြု၍ ပါဝင်စေရန်၊

(ခ) ရပ်ရွာအခြေပြုအဖွဲ့အစည်းများ

- လူထုဦးဆောင်သော ရပ်ရွာအခြေပြုမျိုးစေ့ဘဏ်များကို တည်ဆောက်၍ စနစ်တကျ ထောက်ပံ့ရန်၊

- ဒေသခံမျိုးစေ့မျိုးကွဲများကို စုဆောင်း၊ မှတ်တမ်းတင်ကာ ဒေသအလိုက်မျိုးစေ့စာရင်း ပြုစုရန်၊
- ရိုးရာအသိပညာနှင့် အခြေခံနည်းပညာများကို ပေါင်းစပ်အသုံးချနိုင်ရေးအတွက် တောင်သူ အခြေပြုသင်တန်းများ ပံ့ပိုးရန်၊
- ရပ်ရွာများအကြား မျိုးစေ့မျှဝေမှု၊ သင်ခန်းစာဖလှယ်မှုနှင့် သင်ယူရေးကွန်ယက်များ တည်ဆောက်ပေးရန်၊

(ဂ) လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အကူအညီပေးသူများ

- အရေးပေါ်အကူအညီများအတွင်း ဒေသနှင့် ကိုက်ညီမှုမရှိသော ပြင်ပမျိုးစေ့များကို မဖြန့်ဝေရန်၊
- ဒေသခံမျိုးစေ့စနစ်များကို အားနည်းစေမည့်မျိုးစေ့ထောက်ပံ့မှုပုံစံများကို ပြန်လည်သုံးသပ် ပြင်ဆင်ရန်၊

(ဃ) မူဝါဒရေးဆွဲသူများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များ

- ဒေသခံလူထု၏ မြေယာပိုင်ဆိုင်ခွင့်၊ ဆုံးဖြတ်ခွင့်နှင့် စီမံခန့်ခွဲခွင့်များကို အသိအမှတ်ပြုရန်၊
- ဒေသမျိုးစေ့များကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်ရန်၊
- ဒေသမျိုးစေ့များအတွက် လုံခြုံပြီး တရားမျှတသော ဈေးကွက်စနစ်များ ဖန်တီးပေးရန်၊
- အစားအစာအချုပ်အခြာအာဏာ (Food Sovereignty) ကို မူဝါဒအဆင့်တွင် ထည့်သွင်းစဉ်းစားရန်

(င) အလှူရှင်များနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ

- ရေရှည်တည်တံ့သော ဒေသခံမျိုးစေ့စနစ်များ ကို ဦးစားပေး ရင်းနှီးမြှုပ်နှံရန်၊
- ရေတိုသီးနှံများ(Short-term yield) ပံ့ပိုးခြင်းထက် မျိုးစေ့အချုပ်အခြာအာဏာ (seed sovereignty) နှင့် လူထုခုခံနိုင်ရည် (community resilience) ရှိသောပံ့ပိုးမှုများကို အဓိကထားပေးရန်၊

## ၁၆။ နောက်ဆက်တွဲဖော်ပြချက်

### ဒေသမျိုးစေ့ဆိုင်ရာ သုတေသနပြုလုပ်ခဲ့သည့် ဖောင်ပုံစံ

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အပိုင်း(က) ဒေသမျိုးစေ့များနှင့်ပတ်သက်သော အထွေထွေအကြောင်းအရာများ | | | | | | | | | | | | | |
| ၁။ | ဦးတည်ကျေးရွာတွင်ရှိ အစားအသောက်အတွက် အရေးပါသော ဒေသမျိုးရင်း၊ မျိုးစိတ်နှင့် သီးနှံအမျိုးအစားနှင့်အရေအတွက်များကိုဖော်ပြပေးပါ။ | | | | | | | | | | | | |
| စဉ် | သီးနှံအမျိုးအစားအမည် | | | မျိုးစိတ်အရေအတွက် | အခြားမျိုးစိတ်ကွဲအမည်များကို ဖော်ပြပေးပါ။ | ယေဘုယျ အသုံးဝင်မှု | အရေးပါမှု | | တည်ရှိနေမှုအခြေအနေ | | | | |
| | မြန်မာအမည် | အင်္ဂလိပ်အမည် | ဒေသအခေါ်အဝေါ် | | | | အဓိက | ဖြည့်စွက် | အသုံးပြုမှု (အားကောင်း) | အသုံးပြုမှု (နည်းပါး) | ပျောက်ဆုံးမှုအန္တရာယ် | ပျောက်ကွယ် | |
| ၁ | စပါး | Rice | ဘု | ၄ | ဘုလိန်၊ ဘုကမ်းလောင်၊ ဘုဘန်း | အဓိက အစားအစာ | ☑ | ☐ | ☐ | ☐ | ☑ | ☐ | |
| ၂ | ကောက်ညင်း | Sitcky Rice | ဘုအုန်း | ၂ | ဘုအုန်းလော်/ ဘုး | မုန့်အမျိုးမျိုးပြုလုပ်ခြင်း | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၂ | ပြောင်း | Corn | ကုခရား | ၅ | ခိဘု၊ ခိအန်း၊ ခိလောင်၊ ခိပေါင်း၊ ခိဘန်း | လူနှင့်တိရိစ္ဆာန် | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၃ | သရက် | Mango | ခေါက်သာ | ၃ | ခေါက်ဆန်း၊ ခေါက်မှောင်၊ ခေါက်မှေး | ဖြည့်စွက် အစားစာ | ☐ | ☑ | ☐ | ☑ | ☐ | ☐ | |
| ၄ | ဖရုံ | Pumpkim | လွမ်း | ၂ | လွမ်းလိင်၊ လွမ်းဘုး | ဟင်းလျာ | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၅ | ပဲ | Been | ဘီးသာ | ၆ | ဘီတရော၊ ဘင်းဒူဘင်းရှင်၊ ဘာဘွန်း၊ ဘာဆန်းနောက် | ဟင်းလျာ | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၆ | သခွား | Cucumba | ဒေးသာ | ၂ | ဒေးဆီ၊ ဒေးဒု | ဟင်းလျာ | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၇ | ငှက်ပျော | Banana | ခလွီးသာ | ၄ | ခလွီးရုံ၊ ခလွီးကောဘော၊ ခလွီးထောက်မိုက်၊ ခလွီးခါ၊ | မုန့်နှင့် ဖြည့်စွက် အစားစာ | ☑ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၈ | နေကြာ | Sun flower | ဖုမထန် | ၂ | ဖုမထန်ဘုတ်၊ ဖုတ်မထန်လာ | ဆီနှင့် မုန့် | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၉ | မြေပဲ | Peanut | ဘော်ကန်း | ၂ | ဘော်ကန်းလိင်၊ ဘောကန်းဘုး | ဆီ | ☐ | ☑ | ☐ | ☐ | ☐ | ☐ | |
| ၁၀ | ကန်စွန်းဥ | Sweet Potato | နွင် | ၄ | နွင်လိင်၊ နွင်ဘုး၊ နွင်ဆန်းကယား၊ နွင်ရောက် | ဖြည့်စွက် အစားစာ | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၁၁ | ဂျင်း | Ginger | အင်း | ၂ | အင်းဘွန်း၊ အင်းပနာ | ဟင်းခတ်အမွှေးအကြိုင် | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၁၂ | နနွင်း | Turmeric | မာဘန်း | ၃ | မိုင်ဘန်းခါ၊ မိုင်ဘန်းလိန်၊ မိုင်ဘန်းဘန်း | ဟင်းခတ်အမွှေးအကြိုင် | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၁၃ | ကြက်သွန်ဖြူ | Garlic | ဘဟုဘိုး | ၁ | ပယိုးဘုတ် | ဟင်းခတ်အမွှေးအကြိုင် | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၁၄ | ကြက်သွန်နီ | Onion | ဘဟုလိမ် | ၂ | ပယိုးလိန် | ဟင်းခတ်အမွှေးအကြိုင် | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၁၅ | မုန်ညင်း | Mustrad | ဆပလာသင်း | ၁ | သို့အုတ် | ဟင်း/ဆေး | ☐ | ☑ | ☑ | ☐ | ☐ | ☐ | |
| ၁၆ | နှမ်း | Sesame | ကျမ်းတောင်း | ၁ | ထိန် | ဟင်း/ဆေး | ☐ | ☐ | ☐ | ☐ | ☐ | ☐ | |
| ၁၇ | ကျွတ်သီး-ချဉ် | | ပုမ်သာ | ၁ | - | သွားရည်စာ | ☐ | ☑ | ☐ | ☑ | ☐ | ☐ | |
| ၁၈ | မာလကာသီး | Guava | မာကန်းသာ | ၂ | မာကန်းလိန်၊ မာကန်းဘုး | သွားရည်စာ | ☐ | ☑ | ☐ | ☑ | ☐ | ☐ | |
| ၁၉ | လက်ပွတ်သီး | | ဂျဲလေွယ်သာ | ၁ | - | သွားရည်စာ | ☐ | ☐ | ☐ | ☐ | ☐ | ☐ | |
| ၂၀ | သပွတ်သီး | Luffa aegyptica | မနွေးသာ | ၁ | ပလွိုင်သာ | ဟင်း၊ အသုံးအဆောင် | ☐ | ☑ | ☐ | ☑ | ☐ | ☐ | |
| ၂၁ | ဇီးဖြူသီး | Gooseberry | တကလာန်သာ | ၁ | - | ဖြည့်စွက် အစားစာ | ☐ | ☑ | ☐ | ☑ | ☐ | ☐ | |

## ဒေသထွက်သီးနှံအပေါ်အခြေခံသော အစားအစာထိန်းသိမ်းသည့်သင်တန်းပုံရိပ်များ

















## ဒေသမျိုးစေ့ဘဏ်တွင် ထားရှိမည့်ဒေသမျိုးစေ့များကို ပြင်ဆင်ထုပ်ပိုးနေခြင်း







